# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# အဋ္ဌမပုံမှန်အစည်းအဝေး

# ပဉ္စမနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | ပျော်ဘွယ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အမည်စာရင်းနှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှ ပြန်လည်ပေးပို့လာသည့် အမည်စာရင်းတွင် အဖွဲ့ဝင်(၂)ဦး အမည်စာရင်းလွဲမှားနေသဖြင့် ပြန်လည်ပြင်ဆင်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၆ | ကွမ်းလုံမြို့နယ် နမ့်ကျွမ်း၊ ဝေါချိုးဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို မည်သည့်သတ်မှတ်ချက်စံနှုန်း များဖြင့် လျာထားဆောင်ရွက်နေသည်နှင့် ၎င်းဒေသရှိ ကျေးရွာချင်းဆက်လမ်းများအား နှစ်အလိုက် မည်သို့လျာထား ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၈ |
| ၇ | တာချီလိတ်ခရိုင်နှင့် မိုင်းဆတ်ခရိုင်အကြား ကားလမ်းမကြီးတွင် ဆိုးရွားစွာပျက်စီးလျက်ရှိသော လမ်းပိုင်းများအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း | ၁၁ |
| ၈ | နန်းယွန်းမြို့နယ်၊ ပန်ဆောင်မြို့ပေါ် ပြည်သူလူထုများ သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိ နိုင်ရန် ဆောင်ရွက်ပေးမည့် အစီအမံများနှင့်စပ်လျဉ်းပြီး သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၃ |
| ၉ | ဆင်းရဲနွမ်းပါးမှုမြင့်မားနေသည့် မြို့နယ်ဒေသများတွင် ဘက်စုံလျင်မြန်စွာဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာစေရန် ငြိမ်းချမ်းရေးအသွင်သဏ္ဌာန် ဖော်ဆောင်သည့်ဒေသအဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့မှ သီးသန့်အထူးရန်ပုံငွေများဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၄ |
| ၁၀ | နယ်စပ်ရေးရာဝန်ကြီးဌာနမှ မိုင်းပန်-နောင်လေ-မိုင်းပုတ်(ပန်ပိ)လမ်း (၃၆)မိုင်မှ ကျန်မြေသားလမ်း (၂၁)မိုင်အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း | ၂၀ |

၁၁ ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က တင်သွင်းသည့် ပြည်ထောင်စုလွှတ်တော်မှာ ပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတမှ လက်မှတ်ရေးထိုးထုတ်ပြန်ပြီးသည့် မူလဥပဒေများကို နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးအတွက် အကောင်အထည်ဖော်ကျင့်သုံးကြရမည့် ပြည်ထောင်စု အဆင့်အဖွဲ့အစည်း များမှ တစ်ဆင့်ခံဥပဒေဖြစ်သည့် နည်းဥပဒေများကို အချိန်နှင့် တစ်ပြေးညီရေးဆွဲထုတ်ပြန်ကျင့်သုံးပေးပါရန် သက်ဆိုင်ရာပြည်ထောင်စု အဆင့် အဖွဲ့အစည်းသို့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော် ကိုယ်စား လှယ်များက ဆွေးနွေးခြင်း ၂၃

၁၂ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း ၄၁

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး

## ပဉ္စမနေ့ အစီအစဉ်

## [ ၂၁–၅–၂၀၁၈ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီ အစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ သက်တမ်း တိုးမြှင့်ခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးသောင်းအေး၊ ပျော်ဘွယ် မဲဆန္ဒနယ်၏ **ပျော်ဘွယ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အမည်စာရင်းနှင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ပြန်လည်ပေးပို့လာသည့် အမည်စာရင်းတွင် အဖွဲ့ဝင် (၂)ဦး အမည်စာရင်း လွဲမှားနေသဖြင့် ပြန်လည်ပြင်ဆင် ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးယန်ကျင်းကန်၊ ကွမ်းလုံ မဲဆန္ဒနယ်၏ **ကွမ်းလုံမြို့နယ် နမ့်ကျွမ်း၊ ဝေါချုံးဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို မည်သည့်သတ်မှတ်ချက် စံနှုန်းများဖြင့် လျာထားဆောင်ရွက်နေသည်နှင့် ၎င်းဒေသရှိ ကျေးရွာချင်းဆက်လမ်းများအား နှစ်အလိုက် မည်သို့လျာထား ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးအောင်ကျော်ဦး၊ မိုင်းတုံ မဲဆန္ဒနယ်၏ **တာချီလိတ်ခရိုင်နှင့် မိုင်းဆတ် ခရိုင်အကြား ကားလမ်းမကြီးတွင် ဆိုးရွားစွာ ပျက်စီးလျက်ရှိသော လမ်းပိုင်းများအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဝမ်းလှ၊ နန်းယွန်း မဲဆန္ဒနယ်၏ **နန်းယွန်းမြို့နယ်၊ ပန်ဆောင်မြို့ပေါ် ပြည်သူလူထုများ သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာ ရရှိနိုင်ရန် ဆောင်ရွက်ပေးမည့် အစီအမံများနှင့် စပ်လျဉ်းပြီး သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးဖုံးတိန့်၊ ချီဖွေ မဲဆန္ဒနယ်၏ **ဆင်းရဲနွမ်းပါးမှု မြင့်မားနေသည့် မြို့နယ်ဒေသများတွင် ဘက်စုံလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက် ပြောင်းလဲလာစေရန် ငြိမ်းချမ်းရေးအသွင်သဏ္ဍာန်ဖော်ဆောင်သည့် ဒေသအဖြစ်ပြည်ထောင်စုအစိုးရအဖွဲ့မှ သီးသန့်အထူးရန်ပုံငွေ များဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးစိုင်းကျော်မိုး၊ မိုင်းပန် မဲဆန္ဒနယ်၏**နယ်စပ်ရေးရာဝန်ကြီးဌာနမှ မိုင်းပန်-နောင်လေ-မိုက်ပုတ်(ပန်ပိ)လမ်း(၃၆)မိုင်မှ ကျန်မြေသား လမ်း(၂၁)မိုင်အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ကျောက်ချောလမ်း ခင်းပေးရန် အစီအစဉ် ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၇။ ဦးတင်ထွေး၊ ဝေါ မဲဆန္ဒနယ်က တင်သွင်းသည့် **“ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းပြီး နိုင်ငံတော် သမ္မတမှ လက်မှတ်ရေးထိုး ထုတ်ပြန်ပြီးသည့် မူလဥပဒေများကို နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးအတွက် အကောင်အထည်ဖော် ကျင့်သုံးကြရမည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ တစ်ဆင့်ခံဥပဒေဖြစ်သည့် နည်းဥပဒေများကို အချိန်နှင့်တစ်ပြေးညီ ရေးဆွဲထုတ်ပြန် ကျင့်သုံးပေးပါရန် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသို့ တိုက်တွန်းကြောင်း”** အဆိုကို အောက်ပါလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးမြစိန်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်၊

(ခ) ဒေါ်သန္တာ၊ အိမ်မဲ မဲဆန္ဒနယ်၊

(ဂ) ဦးအောင်ထူးမြင့်၊ အောင်လံ မဲဆန္ဒနယ်၊

(ဃ) ဒေါ်မာမာခိုင်၊ သထုံ မဲဆန္ဒနယ်၊

(င) ဒေါက်တာဦးမြင့်သိန်း၊ ညောင်လေးပင် မဲဆန္ဒနယ်၊

(စ) ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်း မဲဆန္ဒနယ်၊

(ဆ) ဦးခင်မောင်လတ်၊ မြန်အောင် မဲဆန္ဒနယ်၊

(ဇ) ဒေါက်တာဦးအောင်ခင်၊ ပြင်ဦးလွင် မဲဆန္ဒနယ်၊

၈။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး
# ပဉ္စမနေ့မှတ်တမ်း

**၁၃၈၀ ခုနှစ်၊ နယုန်လဆန်း ၇ ရက်**
**(၂၀၁၈ ခုနှစ်၊ မေလ ၂၁ ရက်)**
**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦးရှိတဲ့အနက် ၃၈၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၀.၂၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ မေလ ၂၁ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပဥ္စမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူလွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ၄၃၁ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၉ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၃၉ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) ဖားဆောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ ခွင့် ၁ ရက်၊

(၂) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၁ ရက်၊

(၃) တံတားဦးမဲဆန္ဒနယ်မှ ဒေါ်စိုးနွယ်အေး ခွင့် ၂ ရက်၊

(၄) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၅ ရက်၊

(၅) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၃ ရက်၊

(၆) မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် ၂ ရက်၊

(၇) ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးရွှေကို ခွင့် ၂ ရက်၊

(၈) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် ၁ ရက်၊

(၉) ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမင်း ခွင့် ၁ ရက်၊

(၁၀) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ခွင့် ၂ ရက်၊

(၁၁) ကော့မှူးမဲဆန္ဒနယ်မှ ဦးကျော်ဆွေဝင်း(ခ)ဦးအာလူးခွင့် ၂ ရက်၊

(၁၂) လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဝင်းမင်းခွင့် ၃ ရက်၊

(၁၃) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေ ခွင့် ၁ ရက်၊

(၁၄) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၅ ရက်၊

(၁၅) သာပေါင်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊

(၁၆) သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဗစ်တာခလိုက် ခွင့် ၂ ရက်၊

(၁၇) မယ်စဲမဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း ခွင့် ၅ ရက်၊

(၁၈) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၁၉) ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင် ခွင့် ၁ ရက်၊
(၂၀) ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးရွှေလှကြိုင် ခွင့် ၁ ရက်၊
(၂၁) တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ခွင့် ၁ ရက်၊
(၂၂) ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးနေလင်းထွန်း ခွင့် ၁ ရက်၊
(၂၃) ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင် ခွင့် ၁ ရက်၊
(၂၄) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၃ ရက်၊
(၂၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးထွန်းမြတ်ရွှေ ခွင့် ၅ ရက်၊
(၂၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်ကျော်ခွင့် ၅ ရက်၊
(၂၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမင်းဇာနည်ထွေး ခွင့် ၅ ရက်၊
(၂၈) ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ ခွင့် ၄ ရက်၊
(၂၉) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၁ ရက်၊
(၃၀) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၂ ရက်၊
(၃၁) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၂ ရက်၊
(၃၂) ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ ခွင့် ၅ ရက်၊
(၃၃) ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး ခွင့် ၅ ရက်၊
(၃၄) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဦးလမာနော်အောင် ခွင့် ၅ ရက်၊
(၃၅) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းဘသိန်း ခွင့် ၅ ရက်၊
(၃၆) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၁ ရက်၊
(၃၇) လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ငွေး ခွင့် ၅ ရက်၊
(၃၈) မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းအေး(ခ)ဦးစိုင်းထွန်းအေး ခွင့် ၁ ရက်နှင့်
(၃၉) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပြုန်ကြားသူ ၃ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၃၉ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၄၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး ယခင်ကခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၃ ဦး၊ ယနေ့ခွင့်ပြုထားသူ ၃၉ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၄၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး

တက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ သက်တမ်းတိုးမြှင့်ခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ကဖွဲ့စည်းထားတဲ့ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ သက်တမ်းကို ၁၉-၅-၂၀၁၈ ရက်မှစ၍ နောက်ထပ်တစ်နှစ်အထိ ထပ်မံတိုးမြှင့်သတ်မှတ်မှာဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ပျော်ဘွယ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အမည်စာရင်းနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပြန်လည်ပေးပို့လာသည့် အမည်စာရင်းတွင် အဖွဲ့ဝင်(၂)ဦး အမည်စာရင်းလွဲမှားနေသဖြင့် ပြန်လည်ပြင်ဆင်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။ ကျွန်တော် ပျော်ဘွယ်မဲဆန္ဒနယ်က ဦးသောင်းအေး ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်မှာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဖွဲ့စည်းရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ညွှန်ကြားချက်နှင့်အညီ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများနှင့် ညှိနှိုင်းရွေးချယ်ပေးပို့ခဲ့တဲ့ ပျော်ဘွယ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရဲ့ အမည်စာရင်းနဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြန်လည်ပေးပို့လာတဲ့ အမည်စာရင်းမှာ အဖွဲ့ဝင်နှစ်ဦး လွဲမှားနေတာတွေ့ရပါတယ်။ ဒီလိုလွဲမှားခြင်းဟာ သဘောရိုးနဲ့ လွဲမှားခြင်းဟုတ်/မဟုတ် မည်သည့်အတွက်လွဲမှားမှုဖြစ်ပေါ်တာကို သိရှိလိုကြောင်းနှင့် လွဲမှားသူနှစ်ဦးကို ပြန်လည်ပြင်ဆင်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်းပဲဖြစ်ပါတယ်။ Power Point နဲ့ တင်ပြခွင့်ပြုပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိအစိုးရ တာဝန်ယူတဲ့ကာလအတွင်းမှာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ အသစ်ပြန်လည်ရွေးချယ်ဖို့အတွက် မန္တလေးတိုင်းဒေသကြီးအစိုးရမှ ညွှန်ကြား

ချက်များကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလဆန်းပိုင်းမှာ ပို့လာပါတယ်။ ဒီညွှန်ကြားချက်မှာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့မိမြို့ဖများနှင့် လွှတ်တော်ကိုယ်စားလှယ်များပါဝင်ရွေးချယ်ပေးဖို့နဲ့ ကော်မရှင်အဖွဲ့ဝင်များရဲ့ အရည်အချင်းကိုလည်း တင်ပြပါအတိုင်း ဖော်ပြထားပါတယ်။ အရည်အချင်းမှာ မူလက အသက် ၇၀ မကျော်သူလို့ သတ်မှတ်ထားပြီး နောက်ပိုင်းမှာ အသက် ၇၀ ကျော်နိုင်ကြောင်း ပြင်ဆင်ထားပါတယ်။ ကျွန်တော်တို့ ပျော်ဘွယ်မြို့နယ်မှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များကို ရရှိထားတဲ့ဆန္ဒပြုလွှာအမည်စာရင်းအရ တိုင်းဒေသကြီးရဲ့ ညွှန်ကြားချက်အတိုင်း မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်ခြောက်ဦး၊ မြို့မိမြို့ဖငါးဦးနှင့် လွှတ်တော် ကိုယ်စားလှယ်သုံးဦး စုစုပေါင်းအဖွဲ့ဝင် ၁၄ ဦးတို့က အရည်အချင်းသတ်မှတ်ချက်နှင့် ကိုက်ညီသူ ခြောက်ဦးကို စိစစ်ရွေးချယ်တင်ပြခဲ့ပါတယ်။ တင်ပြပါအမည်စာရင်းအတိုင်း ခြောက်ဦး ဖြစ်ပါတယ်။ သို့ပါသော်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့မှာ ထုတ်ပြန်ခဲ့တဲ့ကြေညာချက်အမှတ် (၄၅/၂၀၁၇)မှာ ပျော်ဘွယ်မြို့နယ်က ပေးပို့ထားတဲ့ အဖွဲ့ဝင်နှစ်ဦးကို အမည်စာရင်းလွဲမှားဖော်ပြပါရှိလာကြောင်း တွေ့ရှိရပါတယ်။ မြို့နယ်က စိစစ်ရွေးချယ်ပေးပို့တဲ့ အမည်စာရင်းမှာ ဦးမောင်မောင်တင် နေရာမှာ ဦးဝင်းမြင့်အောင် ဖြစ်နေပြီးတော့ ဒေါ်ခင်မာရီ နေရာမှာ ဒေါ်နုနုရီအဖြစ် မှားယွင်းနေတာဖြစ်ပါတယ်။ ယခုလို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်တဲ့စာရင်းက လွှတ်တော်ကိုယ်စာလှယ်များအပါအဝင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့မိမြို့ဖများက ညွှန်ကြားချက်နှင့်အညီ ရွေးချယ်တင်ပြပေးလိုက်တဲ့ အမည်စာရင်းနဲ့မတူညီတာဟာ မထင်မှတ်ဘဲ ချွတ်ချော်မှားယွင်းမှုကြောင့်ဖြစ်တတ်သလို အခြားအကြောင်းကြောင့်လည်း ဖြစ်တတ်ပါတယ်။ သဘောရိုးနဲ့မှားယွင်းပြီး ဒါကို မပြင်ဘူးဆိုရင် မြို့နယ်လူထုအပါအဝင် ပြည်သူလူထုက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အပေါ်မှာ အထင်အမြင်လွဲမှားသွားနိုင်ပါတယ်။ ဒီအတွက် မှားယွင်းမှုအကြောင်းကို သိရှိလိုခြင်းနှင့် အမည်စာရင်းမှားယွင်းမှုကို ပြန်လည်ပြင်ဆင်နိုင်ဖို့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်မြင့်(အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သနူတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေးရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းလို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကိုယ်စား ဖြေကြားမယ့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့် ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေးရဲ့ မေးခွန်းအကျဉ်းချုပ်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်မှာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဖွဲ့တဲ့အခါမှာ မြို့နယ်ကတင်ပြတဲ့ အဖွဲ့ဝင်တွေနဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ခန့်ထားတဲ့ အမိန့်ထွက်တဲ့အခါမှာ ခြောက်ဦးအနက် နှစ်ဦး

လွဲနေတယ်။ တင်ပြချက်နဲ့လွဲနေတဲ့အတွက် အဲဒီလွဲနေတာဟာ မှားတာလား။ ဒါမှမဟုတ်ရင် အခြား အကြောင်းကြောင့်လား။ အဲဒါလေးကိုပြန်ပြင်ဆင်ဖို့ရော အစီအစဉ်ရှိသလားဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကနေပြီးတော့ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းဖို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ ပုဒ်မ ၁၈ ပုဒ်မခွဲ(ဂ)မှာ လုပ်ပိုင်ခွင့်တွေကို ပြဋ္ဌာန်းပေးထားပါတယ်။ အဲဒီလုပ်ပိုင်ခွင့် တွေပြဋ္ဌာန်းပေးထားတာနှင့် အညီပဲ မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကို ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့မှာ ကော်မရှင်ရဲ့ကြေညာချက်အမှတ်(၃၃/၂၀၁၇)နှင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ အဲဒီနေ့မှာပဲ မန္တလေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ တွေကို ဆက်ပြီးတော့ ဖွဲ့စည်းဖို့အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စာအမှတ်၊ ၄/ရကပ (၅၀)/ကမရ နဲ့ထပ်ပြီးတော့ မန္တလေးတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲကို ညွှန်ကြားပေးခဲ့ပါတယ်။

အဲဒီတော့ တကယ်တမ်းကျတော့ ရွေးကောက်ပွဲလုပ်ငန်းစဉ်ဆိုတာ ပြည်သူအားလုံးပါဝင် ဆောင်ရွက်ရတဲ့ လုပ်ငန်းစဉ်တစ်ခုဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ကို ဖွဲ့စည်းရာမှာ ကော်မရှင်နဲ့ဆက်စပ်နေတဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းတွေ၊ အများပြည်သူ ယုံကြည်လေးစားခြင်းခံရတဲ့ ဒေသခံပုဂ္ဂိုလ်တွေနဲ့ ပေါင်းစပ်ဖွဲ့စည်းဆောင်ရွက်ရတာဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ ပုဒ်မ ၁၆ မှာပါတဲ့ အရည်အချင်းသတ်မှတ် ချက်နဲ့ကိုက်ညီပြီးတော့ အများယုံကြည်လေးစားခြင်းခံရတဲ့ ဒေသခံပုဂ္ဂိုလ်တွေ ဖွဲ့စည်းနိုင်ရေး ညွှန်ကြားဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ ဒါ့ထက်ပိုပြီးတော့ ကျယ်ပြန့်ဖို့ အတွက်ဆိုပြီးတော့ ပုဂ္ဂိုလ်တစ်ဦးချင်းစီကလည်း ဆန္ဒပြုလွှာများ တင်သွင်းစေခဲ့ပါတယ်။ ဆန္ဒပြုလွှာ တွေမှာလည်းပဲ မည်သူ့ကိုမဆို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ရွေးချယ်တာဝန်ပေး အပ်မှုအပေါ် ကန့်ကွက်မှု၊ စောဒကတက်မှုပြုလုပ်မည်မဟုတ်ကြောင်းဆိုတဲ့ ကတိဝန်ခံချက်ကိုလည်းပဲ လက်မှတ်ရေးထိုးစေခဲ့ပါတယ်။ အဲဒီအပြင် အမျိုးသမီးများရဲ့ နိုင်ငံရေးကဏ္ဍမှာပါဝင်မှု တိုးမြှင့်ရေး အတွက် ကော်မရှင်အဖွဲ့တစ်ခုကို ဖြစ်နိုင်ရင် အမျိုးသမီးတစ်ဦးပါဝင်ဖွဲ့စည်းပေးရန်လည်းပဲ ညွှန်ကြား ဆောင်ရွက်ခဲ့ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဟာ ကော်မရှင်အဖွဲ့အစည်းအဆင့်ဆင့် ကို ဖွဲ့စည်းရာမှာ ကော်မရှင်နှင့်ဆက်စပ်ပြီးတော့ လုပ်ကိုင်နေတဲ့ လွှတ်တော်အဖွဲ့အစည်းများ၊ အုပ်ချုပ် ရေးပိုင်းဆိုင်ရာအဖွဲ့အစည်းများ၊ ဥပဒေပိုင်းဆိုင်ရာအဖွဲ့အစည်းများ၊ နောက် အခြားဆက်စပ်နေတဲ့ အဖွဲ့အစည်းများ၊ ဒေသခံရပ်မိရပ်ဖပုဂ္ဂိုလ်များနှင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးပြီးတော့မှ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ (အများယုံကြည်လေးစားခြင်းခံရတဲ့ပုဂ္ဂိုလ်) ဆိုတဲ့ ပုဂ္ဂိုလ်များကို စိစစ်ရွေးချယ်ညွှန်ကြားဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။

အဲဒီလိုဆောင်ရွက်ခဲ့တဲ့အတွက် မန္တလေးတိုင်းဒေသကြီးမှာ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ တွေကို စိစစ်ရွေးချယ်ရာမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်ပြလာတဲ့စာတွေအပေါ်မှာ ပြန်လည်ပြီးတော့ ညှိနှိုင်းကြည့်ရှုပါတယ်။ ညှိနှိုင်းပြီးတဲ့နောက်မှာမှ ၁၈-၁၂-၂၀၁၇ ရက်နေ့မှာ ကြေညာချက်အမှတ်(၄၄/၂၀၁၇)၊ (၄၅/၂၀၁၇)တို့နဲ့ တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ရခိုင်နှင့်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွေကို ဖွဲ့စည်းတာဝန်ပေးခဲ့တာဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲ

ကော်မရှင်အနေနဲ့ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းရာမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၉ ပုဒ်မခွဲ(ခ)ပါ ကော်မရှင်ရဲ့တာဝန်များအရလည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ ပုဒ်မ ၁၀ ပုဒ်မခွဲ(ဂ)ပါ ကော်မရှင်ရဲ့တာဝန်နဲ့လုပ်ပိုင်ခွင့်များအရလည်းကောင်း ဥပဒေနှင့်အညီ ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းသာ ဖြစ်ပါတယ်။ မေးခွန်းမှာ ဖော်ပြပါရှိတဲ့အတိုင်း သက်ဆိုင်ရာမြို့နယ်က တင်ပြလိုက်သည့်စာရင်းကို မပြင်ဆင်ရဘူးလို့တော့ ဥပဒေပြဋ္ဌာန်းချက်မရှိပါဘူး။ ပြည်ထောင်စုရွေးကောက်ပွဲကောမရှင်ဥပဒေနှင့်အညီသာ ဖွဲ့စည်းခဲ့ခြင်းဖြစ်တဲ့အတွက် အဲဒီဖွဲ့စည်းမှုဟာ လွဲမှားခြင်းတစ်စုံတစ်ရာမရှိပါကြောင်းနှင့် ပြန်လည်ဖွဲ့စည်းရန်အစီအစဉ်မရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ထပ်ဆင့်မေးခွန်းမေးမြန်းခွင့်ပြုပါ။ အခုနက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖြေကြားသွားတဲ့အပိုင်းမှာ ဒါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် လုပ်ထားတဲ့လုပ်ငန်းအတိုင်း ဒါ ရှင်းလင်းပြောကြားသွားခြင်းပဲဖြစ်ပါတယ်။ ကျွန်တော် အခုတင်ပြတာကတော့ ကျွန်တော်တို့ ပျော်ဘွယ်မြို့နယ်မှာ မန္တလေးတိုင်းဒေသကြီးနှင့်ဆက်စပ်ပြီးတော့ရော၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ဆက်စပ်ပြီးတော့ရော ဖြစ်ပေါ်နေတဲ့ ဒီနာမည်စာရင်းကွဲလွဲမှုကို တင်ပြနေခြင်းပဲဖြစ်ပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့က ကျွန်တော်တို့မြို့နယ်ကို ဒီလိုဒီလိုရွေးချယ်ပေးပါလို့ ပြောတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေ၊ စီ/ကော်အဖွဲ့ဝင်တွေ၊ မြို့မိမြို့ဖတွေ၊ ဒါတွေက အကုန်လုံးပေါင်းစည်းပြီးတော့ ညွှန်ကြားချက်နှင့်အညီ တင်ပြခဲ့တာပဲဖြစ်ပါတယ်။ အဲဒီတော့ ဒီလိုတင်ပြခဲ့တာအပေါ်မှာ အခုနက ကော်မရှင်အဖွဲ့ဝင်ကြီး ပြောသွားသလို မပြင်ဆင်ရဘူးလို့ မပါတိုင်း ပြင်တော့မှာလား။ ဒီလိုသာလျှောက်လုပ်နေရင် ကျွန်တော်တို့ရဲ့ အမိန့်၊ ညွှန်ကြားချက်တွေက ဘယ်လိုလုပ်တိကျခိုင်မာတော့မှာလဲ။ ဒါကို တစ်ချက်တင်ပြလိုပါတယ်။

အဲဒီတော့ အခု လုပ်ဆောင်ချက်ကိုပြန်ကြည့်မယ်ဆိုရင် တိုင်းဒေသကြီးအစိုးရက ကျွန်တော်တို့မြို့နယ်ကို ခိုင်းတာပါ။ တိုင်းဒေသကြီးအစိုးရရဲ့ ညွှန်ကြားချက်နဲ့ ကျွန်တော်တို့ရွေးတယ်။ ရွေးပြီးတော့ ကျွန်တော်တို့ တင်ပြလိုက်တယ်။ ဒါကိုလက်မခံဘဲနဲ့ အစားထိုးနှစ်ယောက်ထည့်လိုက်တယ်ဆိုတော့ ဒါဟာ ဥပဒေကို လှည့်စားလိုက်တဲ့သဘောမျိုးဖြစ်ပါတယ်။ တရားမဲ့ပြုကျင့်တဲ့သဘောလည်း သက်ရောက်တယ်လို့ ယူဆနိုင်ပါတယ်။ တကယ်တော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ ပုဒ်မ ၁၂ အရ မြို့နယ်အဆင့်အထိကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကပဲ ဖွဲ့စည်းရမှာပါ။ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဝင်ရောက်ဖွဲ့စည်းတယ်ဆိုကတည်းက ဥပဒေနှင့်မညီဘူးဆိုတာ ဒါ ရှင်းပါတယ်။

နောက်တစ်ချက်က အခုနက အဖွဲ့ဝင်ကြီးပြောသွားသလို နာမည်စာရင်း တာဝန်ထမ်းဆောင်လိုတဲ့လူတွေရဲ့အဆိုပြုလွှာတင်ဖို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ညွှန်ကြားတာရှိပါတယ်။ Power Point နဲ့ တင်ပြပါမယ်။ ပထမဦးဆုံးသတ်မှတ်ရက်က ၂၁-၆-၂၀၁၆ ဖြစ်ပါတယ်။ ဒုတိယ

ပြင်ဆင်တာ ၈-၈-၂၀၁၆ ဖြစ်ပါတယ်။ နောက်ဆုံးအဆိုပြုလွှာပိတ်ရက်မှာအဆိုပြုတဲ့သူ ၂၁ ဦးရှိပြီး တော့ ပထမရွေးချယ်ခံရတဲ့လူတွေပါပါတယ်။ အမည်စာရင်းပြောင်းလဲထည့်လိုက်တဲ့နှစ်ဦးအနက်မှ ဒေါ်နုနုရီဆိုတာ မပါပါဘူး။ အဲဒီတော့ ဒါဟာ နောက်မှ ထပ်လျှောက်ခိုင်းပြီးတော့ ထပ်ထည့်တယ်လို့ သိရပါတယ်။ ဒါကြောင့်မို့လို့ ဒါဟာ ညွှန်ကြားချက်ကို ဖောက်ဖျက်လိုက်တာပါပဲ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် ကျွန်တော့်ရဲ့မေးခွန်းမှာပါတဲ့အတိုင်း သဘောရိုးဟုတ်ပါရဲ့လား လို့ ဖြေကြားပေးစေလိုပါတယ်။ သဘောရိုးနဲ့မှားတာဆိုရင်တော့ ပြင်ဆင်ပေးဖို့ ဖြစ်ပါတယ်။ သဘော ရိုးနဲ့မဟုတ်ဘူးဆိုရင်တော့ ဂုဏ်သိက္ခာအရ ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖြေကြားနိုင်က ဖြေကြားပေးပါ။

**ဦးအောင်မြင့်(အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**။ ။ ကျေးဇူးတင်ပါ တယ်။ ထင်မြင်ချက်တွေဖြစ်တဲ့အတွက် ဖြေကြားရန် အကြောင်းမရှိပါဘူးခင်ဗျား။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ (-------------)

**ဥက္ကဋ္ဌ**။ ။ မကြားလိုက်လို့ပါတဲ့။

**ဦးအောင်မြင့်(အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**။ ။ ဒါက ပုဂ္ဂိုလ်ရေး ထင်မြင်ချက်တွေပဲဖြစ်တယ်။ ထပ်မံတင်ပြရရင် ထင်မြင်ချက်တွေဖြစ်တဲ့အတွက် အဲဒီထင်မြင်ချက်တွေ အပေါ်မှာတော့ ကျွန်တော်လည်း အဖြေပေးစရာအကြောင်းမပေါ်ပေါက်ပါဘူး။ ဒါကို တင်ပြအပ် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရပါပြီ။

**ကွမ်းလုံမြို့နယ် နမ့်ကျွမ်း၊ ဝေါ်ချုံးဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို မည်သည့်သတ်မှတ်ချက်စံနှုန်း များဖြင့် လျာထားဆောင်ရွက်နေသည်နှင့် ၎င်းဒေသရှိ ကျေးရွာချင်းဆက်လမ်းများအား နှစ်အလိုက် မည်သို့လျာထားဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကွမ်းလုံမဲဆန္ဒနယ်မှ ဦးယန်ကျင်းကန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးယန်ကျင်းကန်(ကွမ်းလုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကွမ်းလုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးယန်ကျင်းကန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများက ဆင်းရဲနွမ်းပါးတိုင်းရင်းသားများနေထိုင်ရာ နယ်စပ်ဒေသများတွင် မည်သို့သောသတ်မှတ်ချက်စံနှုန်း များဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေသည်ကို ဒေသခံတိုင်းရင်းသားများကိုယ်စား သိရှိ လို၍ မေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ် ကွမ်းလုံမြို့နယ်ဟာ ရပ်ကွက်ခြောက်ခု၊ ကျေးရွာအုပ်စု ၂၅ အုပ်စုဖြင့် ဖွဲ့စည်းထားပြီး ကျေးရွာပေါင်း ၁၇၃ ရွာမှ အများစုဟာ တောင်ပေါ်ကျေးရွာများဖြစ်ကြ

ပါတယ်။ မြို့တည်နေရာဟာ သံလွင်မြစ်ကမ်းနံဘေး တောင်ခါးပန်းမှာတည်ရှိနေတဲ့အတွက် ပထဝီအနေအထားအရ လမ်းပန်းဆက်သွယ်မှုဟာ အဆင်ပြေလွယ်ကူမှုမရှိပါဘူး။ အထူးသဖြင့် သိန္နီ-ကွမ်းလုံ-ချင်းရွှေဟော်လမ်းမကြီးဘေးရှိ တောင်ပေါ်ကျေးရွာချင်းဆက်လမ်းများဟာ မိုးရာသီတွင် ပိုမိုခက်ခဲပါတယ်။ လမ်းမကြီးရဲ့တောင်ဘက်ခြမ်းဟာ လားရှိုး-သိန္နီ-ဟိုပန်မြို့များနဲ့ မြို့နယ်ချင်းဆက်နေပြီး မြောက်ဘက်ခြမ်းဟာ လောက်ကိုင်၊ ကွတ်ခိုင်မြို့များနဲ့ နယ်နိမိတ်ချင်းထိစပ်နေပါတယ်။ မြို့နယ်ချင်းဆက်လမ်းများလည်း သွားလာရန်အဆင်ပြေလွယ်ကူမှုမရှိပါဘူး။

လားရှိုး-ကွမ်းလုံမြို့နယ်ချင်းဆက်လမ်းဟာ ရာသီမရွေးသွားလာနိုင်ခြင်းမရှိတဲ့အပြင် မြေသားလမ်းတောင် ၂၅ မိုင်ကျန်ရှိနေပြီးတံတားများလည်းမရှိတဲ့အတွက် ယခင်ပုံမှန်လွှတ်တော်အစည်းအဝေးမှာမေးခွန်းမေးမြန်းခဲ့ရာ သက်ဆိုင်ရာဝန်ကြီးဌာနများက လျာထားဆောင်ရွက်မည့်အစီအစဉ်ကို ဖြေကြားပေးပို့ထားတာဖြစ်လို့ ပြီးစီးသွားပါက ၎င်းဒေသနေပြည်သူများက အလွယ်တကူ ကူးလူးသွားလာနိုင်ကြတော့မှာဖြစ်တယ်လို့ မျှော်လင့်ရရှိနိုင်ပြီဖြစ်ပါတယ်။ ယခု မေးခွန်းပါလမ်းမကြီးရဲ့မြောက်ဘက်ခြမ်းဖြစ်တဲ့ နမ့်ကျွမ်း၊ ဝေါချုံဒေသမှာ တောင်ပေါ်ကျေးရွာများရှိ ဆင်းရဲနွမ်းပါးတိုင်းရင်းသားများဟာ ၎င်းတို့၏ ကျန်းမာရေး၊ အထွေထွေလူမှုစီးပွားဝမ်းစာအတွက် ၎င်းကျေးရွာချင်းဆက်လမ်းများကို မဖြစ်မနေအားထားအသုံးပြုသွားလာနေကြပါတယ်။ ထို့အပြင် ကွမ်းလုံမြို့ရဲ့တောင်ပေါ်ကျေးရွာအများစုဟာ ဘိမ်းအစားထိုးကြံကို အဓိကထားစိုက်ပျိုးတဲ့အတွက် အဆိုပါကျေးရွာချင်းဆက်လမ်းများဟာ ၎င်းဒေသရဲ့ ကုန်ထုတ်လမ်းများလည်း ဖြစ်ပါတယ်။ အဆိုပါ ဖွံ့ဖြိုးရေးလုပ်ငန်းများကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ရန်နှင့် တောင်ဘက်ခြမ်းဖြစ်တဲ့ ကမ်မိန်း၊ ပန်ခမ်းဒေသကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ကြောင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ စတင်အတည်ပြုသတ်မှတ်ခဲ့ကြောင်း သိရှိရပါတယ်။ သို့သော်လည်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစလို့ ယခုထိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငွေကျပ် ၉၁၂.၅၂ သန်းသာသုံးစွဲခဲ့ကြောင်းနှင့် ဘတ်ဂျက်လျာထားမှုလွန်စွာနည်းပါးကြောင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး၏ သက်ဆိုင်ရာဦးစီးဌာနသို့ တင်ပြစာအရ သိရှိရတဲ့အတွက် အောက်ပါမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာဝန်ကြီးဌာနများအနေနှင့် ကွမ်းလုံမြို့နယ် ဆင်းရဲနွမ်းပါး ကိုးကန့်တိုင်းရင်းသားများ အများစုနေထိုင်ရာဖြစ်တဲ့ နမ့်ကျွမ်း၊ ဝေါချုံးဒေသမှာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို မည်သည့်သတ်မှတ်ချက်စံနှုန်းနှင့် လျာထားဆောင်ရွက်နေသည်နှင့် ၎င်းဒေသရှိ ကျေးရွာချင်းဆက်လမ်းများအား နှစ်အလိုက် မည်သို့လျာထားဆောင်ရွက်ပေးမည်ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယန်ကျင်းကန်၏ ကွမ်းလုံ

မြို့နယ် ဆင်းရဲနွမ်းပါး ကိုးကန့်တိုင်းရင်းသားများ အများစုနေထိုင်ရာဒေသဖြစ်တဲ့ နမ့်ကျွမ်း၊ ဝေါချုံး ဒေသမှာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို မည်သည့်သတ်မှတ်ချက်စံနှုန်းများဖြင့် လျာထားဆောင်ရွက် နေသည်နှင့် ၎င်းဒေသရှိ ကျေးရွာချင်းဆက်လမ်းများအား နှစ်အလိုက်မည်သို့ လျာထားဆောင်ရွက် ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်မှ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ နယ်စပ်ရေးရာဝန်ကြီး ဌာနအနေနဲ့ကတော့ ကျွန်တော်တို့ ကွမ်းလုံမြို့နယ်အတွင်းမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကနေ စပြီးတော့ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် သာသနာရေးလုပ်ငန်းတစ်ခု၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် လမ်း၊ တံတားလုပ်ငန်းသုံးခု၊ ရေရရှိရေးလုပ်ငန်းသုံးခုတို့ကို ကျွန်တော်တို့ ဆောင်ရွက်ပေး ခဲ့ပြီးလည်း ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာလည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဟိုလီ-ပန်ကျ-တပ်တူလမ်းငါးမိုင် ကျောက်ခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ရှမ်းပြည် နယ်အစိုးရအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ပထမခြောက်လပတ်ရန်ပုံငွေမှာ တာပန် ချောက်-ရှောက်ချင်ရှူးနှစ်မိုင် ကျောက်လမ်းခင်းခြင်းနှင့် ပြိန်းရဲအုပ်စု၊ တုံကျက်ကျေးရွာ တစ်မိုင် ငါးဖာလုံ ရေသွယ်ခြင်းလုပ်ငန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးပြီး ဖြစ်ပါတယ်။ နယ်စပ် ရေးရာဝန်ကြီးဌာနရဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဒုတိယ ၁၂ လ ရန်ပုံငွေ လျာထားချက်မှာလည်း ရှင်လုံကျိုင်း-ပြိန်းရဲ-မြင်ဇီရှန်း-အိုက်ဖာဝေါမြေလမ်းငါးမိုင်လုပ်ငန်းအတွက် ရန်ပုံငွေကျပ် ၁၄၈.၄၀ သန်းနှင့် ၎င်းလမ်းပေါ်ရှိ Box Culvert ၂၀ စင်း တည်ဆောက်ခြင်းအတွက် ရန်ပုံငွေကျပ် ၇၉.၈၀ သန်းကို အဆိုပြုထည့်သွင်းလျာထားပြီးလည်း ဖြစ်ပါတယ်။ မည်သည့်စံနှုန်းနှင့် ဆောင်ရွက် နေသည်ဆိုတဲ့ အဆိုပြုချက်နှင့်ပတ်သက်ပြီးတော့ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများကို ကျွန်တော်တို့ လျာထားခွင့်ပြုရာမှာ နိုင်ငံတော်အကြီးအကဲများရဲ့လမ်းညွှန်ချက်၊ သက်ဆိုင်ရာအစိုးရ အဖွဲ့နှင့် ဒေသဦးစီးအဖွဲ့တို့ရဲ့တင်ပြချက်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူလူထုရဲ့ တင်ပြချက်၊ ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မှာမူတည်၍ ဒေသ၏နယ်မြေအကျယ်အဝန်း၊ လူဦးရေသိပ်သည်းဆ၊ ဆင်းရဲနွမ်းပါးမှုရာခိုင်နှုန်း၊ ဝေးလံခေါင်းပါးမှုအနေအထား၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုတို့ အပေါ်မှာ မူတည်၍လည်းကောင်း နှစ်အလိုက် ရန်ပုံငွေလျာထားပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးယန်ကျင်းကန်(ကွမ်းလုံမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို ဆက်စပ် မေးခွန်း မေးမြန်းခွင့်ပြုပါခင်ဗျား။ ဝန်ကြီးအခုလိုဖြေကြားပေးတဲ့အတွက် ဒေသခံများကိုယ်စား အထူး ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ နယ်မြေအခြေအနေကလည်း ဝန်ကြီးဖြေကြားသလိုပဲ ဖြစ်နေပြီးတော့ ဒေသခံများကလည်း အခြေအနေပေါ်မူတည်ပြီး ရှောင်တိမ်းလိုက်၊ ပြန်အခြေချ နေထိုင်လိုက်ဖြစ်နေတဲ့အတွက် အဲဒီလမ်းတွေကို မဖြစ်မနေသွားလာအသုံးပြုကြရပါတယ်။ ဒါကြောင့် ဒေသတစ်ခုလုံးကိုခြုံငုံပြီး ဆောင်ရွက်နေပြီဆိုသော်ငြားလည်းပဲ မေးခွန်းပါတဲ့ တောင်ပေါ်ရွာနဲ့မြေပြန့် ဒေသကိုဆက်သွယ်ပေးတဲ့၊ အဓိကလမ်းဖြစ်တဲ့ ဟိုလီ၊ နမ့်ချင်းဟော်၊ နမ့်ကျွမ်း၊ ကော်ကိုက်ထန်၊ တာပေါင်ပေါင်း ဆက်သွယ်ရေးလမ်း ၂၂ မိုင် ၄ ဖာလုံကို ကိုးမိုင်ခန့်၊ နမ့်ချင်းဟော်၊ ဝေါချုံး၊

မုံးပေါ်လေးကျေးရွာချင်းဆက်လမ်း ၁၀ မိုင်ကို ခြောက်မိုင်ခန့် မြေသားလမ်းမှတစ်ဆင့် ကျောက်လမ်းကိုဖြစ်အောင် ဆောင်ရွက်ပေးမယ်ဆိုလို့ရှိရင် ဒေသခံများရဲ့ အထူးသဖြင့် ကျန်းမာရေးကိစ္စများအတွက် များစွာအထောက်အကူပြု အဆင်ပြေလွယ်ကူမှုဖြစ်တယ်လို့ယူဆတဲ့အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ လျာထားပေးနိုင်ခြင်းရှိ/မရှိကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဆက်စပ်မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားပါ။

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ အခုလွှတ်တော်ကိုယ်စားလှယ်ကြီးပြောသွားတဲ့လမ်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ လျာထားပေးနိုင်ခြင်းတော့ ပြန်ပြီးတော့နည်းနည်းစစ်ပေးပါမယ်။ ကျွန်တော်လည်း သေချာတိတိကျကျမသိလို့ပါ။ တကယ်လို့ဆိုလို့ရှိရင်လည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာမပါဘူးဆိုလို့ရှိရင်လည်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ လျာထားဆောင်ရွက်ပေးပါမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**တာချီလိတ်ခရိုင်နှင့် မိုင်းဆတ်ခရိုင်အကြား ကားလမ်းမကြီးတွင် ဆိုးရွားစွာပျက်စီးလျက်ရှိသောလမ်းပိုင်းများအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းတုံမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်ဦး(မိုင်းတုံမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မိုင်းတုံမဲဆန္ဒနယ်က ဦးအောင်ကျော်ဦးဖြစ်ပါတယ်။ ပြည်သူလူထုကိုယ်စား ကျွန်တော်မေးမြန်းလိုတာကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အများပြည်သူများသွားလာလျက်ရှိသော တာချီလိတ်ခရိုင်နှင့် မိုင်းဆတ်ခရိုင်ကြား ကားလမ်းမကြီးတွင် ဆိုးရွားစွာပျက်စီးလျက်ရှိသောလမ်းပိုင်းများအား ရာသီမရွေးသွားလာမှု အဆင်ပြေချောမွေ့စေရန် ကွန်ကရစ် သို့မဟုတ်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခြင်းရှိ/မရှိနှင့် ပြုပြင်ပေးမည်ဆိုပါက မည်သည့်အချိန်တွင်ပြုပြင်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အချိန်နှင့်တစ်ပြေးညီပြုပြင်ပေးနိုင်ရန် ဒီမေးခွန်းကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှာ တင်ထားတာဖြစ်ပါတယ်။ အခုဆို ခြောက်လကျော်ရှိသွားပါပြီ။ မိုးလည်းပြန်ကျနေပါပြီ။ မေးခွန်းတစ်ခုအတွက် ယခုကဲ့သို့ ကြန့်ကြာခြင်းမဖြစ်သင့်ပါဘူး။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မိုင်းတုံမြို့နယ်အတွင်းပြည်သူများဟာ မိုင်းတုံ-မိုင်းဆတ်-တာချီလိတ်လမ်းကို အားကိုးအားထားပြုပြီး လိုအပ်တဲ့အစားအသောက်နဲ့ကုန်ပစ္စည်းများကို တာချီလိတ်အထိ သွားရောက်ဝယ်ယူသုံးစွဲနေကြရတာဖြစ်ပါတယ်။ မိုင်းတုံ-မိုင်းဆတ်လမ်း ၄၂ မိုင်ကိုတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနကပြုပြင်ပေးထားတာကြောင့် အဆင်ပြေပေမဲ့ မိုင်းဆတ်နဲ့တာချီလိတ် ၆၀.၄ မိုင်ကို ဆောက်လုပ်ရေးဌာနပိုင်လမ်းမဟုတ်လို့ ပြုပြင်ပေးနိုင်ခြင်းမရှိကြောင်း သိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါ။ မိုင်းဆတ်-တာချီလိတ်လမ်းပိုင်းဟာ မိုင်အရှည် ၆၀.၄ မိုင်ရှည်လျားပြီး အမာခံမြေသားလမ်း ကိုးမိုင်၊ ကျောက်ခင်းလမ်း ၄၅ မိုင်၊ ကတ္တရာလမ်း ခြောက်မိုင်ကျော် စသည်ဖြင့် ခင်းထားပြီး ယခုအခါ ဆိုးရွားစွာပျက်စီးနေသည့်လမ်းပိုင်းများမှာ မိုင်တိုင်(၂၁)နှင့်(၂၇)အတွင်း မိုင်းတွမ်း-မဟုန်လွယ်-နားယောင်းရွာအကြား ၆ မိုင်၊ မိုင်တိုင်(၃၈)မှ(၄၃)အတွင်း ရွှေပြည်အေးကြိုးတံတား စခန်းသာရွာအကြား ငါးမိုင်၊ မိုင်တိုင်(၅၀)မှ(၅၀) အတွင်း နာသာလီ၊ ဝမ်ပေး၊ ဖတ်ဟိရွာအကြား ၅ မိုင် စုစုပေါင်း ၁၆ မိုင်မှာ တော်တော်ကိုပျက်စီးနေပါသဖြင့် အမြန်ဆုံးပြုပြင်ပေးရန် လိုအပ်လျက်ရှိပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖော်ပြပါပုံဟာ လမ်းအသုံးပြုခကောက်ခံတဲ့နေရာဖြစ်ပါတယ်။ “ဝ”စခန်းအောက်မှာတည်ရှိတာကြောင့် ဖော်ပြပါနေရာကိုရောက်တိုင်း အချုပ်အခြာအာဏာပိုင်အမိမြေပေါ်ကနေ အခြားဘက်ကို ရောက်သွားသလိုပြည်သူများ ခံစားနေရပါတယ်။ လမ်းအသုံးပြုခအဖြစ် ယာဉ်ငယ်တစ်စီးလျှင် ဘတ် ၁၀၀ ကျပ်အားဖြင့် ကျပ် ၄၀၀၀ ကျော်၊ ယာဉ်ကြီးတစ်စီးကို ဘတ် ၁၀၀၀ ကျပ်အားဖြင့် ၄၀၀၀၀ ကျော် အသွားတစ်ကြောင်းအတွက် ကောက်ယူနေကြတာကို ပေးနေကြရသော်လည်း လမ်းအားအဆင်ပြေစွာသွားလာနိုင်အောင် ပြုပြင်ပေးခြင်းမရှိသည့်အတွက် ပြည်သူလူထုကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ မေးမြန်းလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ ဦးအောင်ကျော်ဦးရဲ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ အများပြည်သူသွားလာလျက်ရှိတဲ့ တာချီလိတ်ခရိုင်နှင့် မိုင်းဆတ်ခရိုင်အကြားမှာရှိတဲ့ ကားလမ်းမကြီးများမှာ ဆိုးရွားစွာ ပျက်စီးလျက်ရှိသောလမ်းပိုင်းများအား ရာသီမရွေး သွားလာမှုအဆင်ပြေချောမွေ့စေရန် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပြုပြင်ပေးနိုင်ခြင်းရှိ/မရှိ၊ ပြုပြင်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် ပြုပြင်ပေးမည်ကို သိရှိလိုခြင်းနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းထားတဲ့ တာချီလိတ်-မိုင်းဆတ်လမ်းကြောင်းဟာ“ဝ”အထူးဒေသ(၂) တောင်ပိုင်းအဖွဲ့အနေဖြင့် ၁၉၉၂ ခုနှစ်မှာ ဟုန်ပန်းကုမ္ပဏီဖြင့် ဖောက်လုပ်ခဲ့တာဖြစ်ပါတယ်။ ၎င်းလမ်းဟာ ပေ ၂၀ အကျယ်ရှိပါတယ်။ မိုင် ၆၀ အရှည်ရှိတဲ့ ကျောက်စီလမ်းဖြစ်ပါတယ်။ အဆိုပါလမ်းကြောင်းပေါ်ရှိ အတက်အဆင်းကြမ်းတမ်းသော လွယ်ဆမ်ဆုံတောင်အနီးမှာ ၆ မိုင်ခန့်ကတ္တရာခင်းခြင်း ဆောင်ရွက်ထားရှိပြီး ယခုနှစ်မှာ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တာချီလိတ်မြို့နယ်အတွင်းမှာရှိတဲ့ ဖားအိ(အထက်)ရွာ အနီး ၁ မိုင် ၂ ဖာလုံခန့်၊ ကြိုးတံတားနှင့် ရွှေပြည်အေးရွာအကြား ၂ ဖာလုံခန့် ပျက်စီးခဲ့ပါတယ်။ မိုင်းဆတ်မြို့နယ်အတွင်းတွင် မိုင်းတွမ်းနှင့် မဟုန်လွယ်ရွာအကြား ၂ မိုင်ခန့်၊ လွယ်ပါရင်ရွာအကြားမှာ ၁ ဖာလုံခန့် စုစုပေါင်း ၃ မိုင် ၅ ဖာလုံခန့် ပျက်စီးခဲ့ကြောင်းကိုလည်း တွေ့ရှိရပါတယ်။

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့မှာ ပန်ခမ်း(ပန်ဆန်း)မြို့၌ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့နှင့် “ဝ”အထူးဒေသ(၂)မှ တိုင်းရင်းသားခေါင်းဆောင်များ တွေ့ဆုံခဲ့ပါတယ်။ ၎င်းတွေ့ဆုံပွဲမှာတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့က အဆိုပါလမ်းအပိုင်းပျက်စီးနေမှုများအား အမြန်ပြုပြင်ပေးပါရန်နှင့်

ပြုပြင်ရန်အခက်အခဲရှိမည်ဆိုပါက အစိုးရအဖွဲ့သို့လွှဲပြောင်းပေးရန် ဆွေးနွေးပြောကြားခဲ့မှုအပေါ် မှာတော့“ဝ”အထူးဒေသ(၂)အနေဖြင့် တာချီလိတ်-မိုင်းဆတ်လမ်းကို သက်ဆိုင်ရာဝန်ကြီးဌာနသို့ လွှဲပြောင်းပေးလိုကြောင်း တင်ပြလာမှုအရ အဆိုပါလမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှတာဝန်ယူ ပြီးတော့ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် ညှိနှိုင်းထားပြီးလည်း ဖြစ်ပါတယ်။ တာချီလိတ်-မိုင်းဆတ်(၆၀/၄)မိုင်အား ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းအဖြစ် ထိန်းသိမ်း ဆောင်ရွက်နိုင်ရေးအတွက် ၁၇-၅-၂၀၁၈ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ အမျိုးသားပြန်လည်သင့်မြတ် ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနအစည်းအဝေးတွင်လည်း (၁/၂၀၁၈)မှာ ထည့်သွင်းဆွေးနွေးပြီးဖြစ်ပါ ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**နန်းယွန်းမြို့နယ်၊ ပန်ဆောင်မြို့ပေါ် ပြည်သူလူထုများ သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိ နိုင်ရန် ဆောင်ရွက်ပေးမည့်အစီအမံများနှင့်စပ်လျဉ်းပြီး သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝမ်းလှ(နန်းယွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာ ပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ နန်းယွန်းမြို့နယ်၊ ပန်ဆောင်မြို့ပေါ်ပြည်သူများ သန့်ရှင်းသောသောက်သုံးရေလုံလောက်စွာ ရရှိနိုင်ရေးအစီအမံများနှင့်စပ်လျဉ်းပြီး သိရှိလိုတဲ့မေးခွန်းမေးမြန်းမယ့် နန်းယွန်းမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးဝမ်းလှ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နန်းယွန်းမြို့နယ်၊ ပန်ဆောင်မြို့ကို မြို့အဖြစ်သတ်မှတ်ဖွဲ့စည်းပေးထားခဲ့ပေမယ့် လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့အတွက် အစစအရာရာ မှာ ဖွံ့ဖြိုးမှုနှောင့်နှေးတဲ့ဒေသဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါရန် လေးစားစွာ တောင်းခံအပ်ပါတယ်ခင်ဗျား။ ဒါကတော့ ပန်ဆောင်မြို့ရဲ့ မြို့ပြပုံနဲ့ စိမ့်စမ်းရေသွယ်ပြီး မြို့တွင်းမှာတည်ဆောက်ထားတဲ့ ရေကန်ပုံတွေပဲဖြစ်ပါတယ်။ သို့ပေမယ့် မိုးရာသီအချိန်မှာပဲ ရေကန် တွေမှာ ရေအပြည့်ရနိုင်ပြီး ပွင့်လင်းရာသီရောက်လာရင် စမ်းရေတွေခမ်းပြီး အောက်တိုဘာလကနေ ဧပြီလအထိဆိုရင် ရေကန်မှာရေမရတော့တဲ့အနေအထားဖြစ်ပါတယ်။ ဒါကြောင့် နှစ်စဉ်နှစ်တိုင်း သောက်သုံးရေရှားပါးတဲ့ပြဿနာကို ကြုံတွေ့ကြရပါတယ်။ ဒီတော့ ပြည်သူတွေဟာ လက်ယက်တွင်း တွေကိုပဲ အဓိကအသုံးပြုရပါတယ်။ ဆောင်းရာသီအချိန်မှာဆိုရင် ည ၁၁ နာရီလောက်အထိ ထိုင်စောင့်ပြီး ရေခပ်ကြရပါတယ်။ မနက်ဆိုလည်း အစောကြီး နှစ်နာရီလောက်ကထပြီး ရေတွင်းကို အရင်ဦးအောင်သွားမှ ရေရပါတယ်။ သောက်သုံးရေကို ဖောဖောသီသီရနိုင်ဖို့ဆိုရင် မြို့နှင့်အနည်းဆုံး တစ်မိုင်ကျော်လောက် အကွာအဝေးကိုသွားမှ ရေသန့်ရနိုင်ပါတယ်။ ပြီးတော့ ပထဝီမြေအနေအထား အရ ပန်ဆောင်မြို့ဟာ တောင်စောင်းတစ်လျှောက်မှာတည်ရှိတာဖြစ်တဲ့အတွက် သောက်သုံးရေရဖို့ အခက်အခဲဖြစ်တာဖြစ်ပါတယ်။ ဒီအတွက်ကြောင့် ရေရနိုင်ဖို့ဆိုရင် ချောင်းကြီးကနေ စက်နဲ့စုပ်တင်တဲ့ နည်းနဲ့ဖြစ်စေ ကွန်ကရစ်ရေစုကန်တည်ဆောက်ပြီး သွယ်တန်းတဲ့နည်းနဲ့ဖြစ်စေ အကောင်အထည်ဖော် ဆောင်ရွက်ပေးမှသာလျှင် အဆင်ပြေနိုင်မှာဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ပန်ဆောင်မြို့နှင့် တစ်မိုင်ကျော်လောက်အကွာမှာ နောင်ရမ်းအင်းလို့ခေါ်တဲ့ Lake of No Return အင်းကြီးရှိသလို အကင်းချောင်းလည်းရှိပါတယ်။ ဒီပုံကတော့ နောင်ရမ်းအင်းကနေ ပန်ဆောင်မြို့ပေါ်ထိ ရေသွယ်တန်းယူလို့ရနိုင်တဲ့အခြေပြပုံပဲဖြစ်ပါတယ်။ သက်ဆိုင်ရာတွေအနေနဲ့ မြေပြင်အထိ စနစ်တကျကွင်းဆင်းတိုင်းတာပြီး သင့်လျော်တဲ့နည်းပညာတွေနဲ့ အလျင်အမြန်အကောင်အထည်ဖော်ဆောင်ရွက်ပေးမယ်ဆိုရင် သောက်သုံးရေ လုံလုံလောက်လောက်ဖြန့်ဖြူးပေးနိုင်မှာဖြစ်တဲ့အတွက် မေးမြန်းလိုတာကတော့ ပန်ဆောင်မြို့ပေါ်ပြည်သူများသန့်ရှင်းသော သောက်သုံးရေအလုံအလောက်ဆောလျင်စွာ ရရှိနိုင်ရန် စီမံဆောင်ရွက်ပေးမယ့်အစီအစဉ်ရှိ/မရှိသိလိုပါတယ်။ ရှိလျှင်မည်သည့်အချိန်ကာလမှာ ဆောင်ရွက်ပေးမည်ကိုလည်း သိရှိလိုတဲ့အတွက် ဒေသခံပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းထားတဲ့ ကျွန်တော်တို့ နန်းယွန်းမြို့နယ်အတွင်းမှာ ပြည်သူလူထုသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက်ကိုတော့ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဒုတိယ ၁၂ လ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေလျာထားချက်မှာ နာယန်းကျေးရွာအောက်ရပ်ကွက် စိမ့်စမ်းရေသွယ်ယူခြင်း ၂ မိုင် ငွေကျပ် ၁၅ သန်း၊ လန်ခင်ကျေးရွာ၊ အောက်ရပ်ကွက်စိမ့်စမ်းရေသွယ်ယူခြင်း ၂ မိုင် ငွေကျပ် ၁၅ သန်း၊ ပန်ဆောင်မြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် စိမ့်စမ်းရေသွယ်ယူခြင်း ၂ မိုင် ငွေကျပ် ၁၅ သန်းကို အဆိုပြုထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်းနှင့် ပန်ဆောင်မြို့ပေါ်ရှိ ပြည်သူလူထုများ သန့်ရှင်းသောသောက်သုံးရေရရှိစေရေးအတွက် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးအနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကစိစစ်ထောက်ခံတင်ပြလာမယ်ဆိုလို့ရှိရင်လည်း ကျွန်တော်တို့ နောက်နှစ်တွေမှာ ရန်ပုံငွေ ဆက်လက်အဆိုပြုထည့်သွင်း လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဆင်းရဲနွမ်းပါးမှုမြင့်မားနေသည့် မြို့နယ်ဒေသများတွင် ဘက်စုံလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာစေရန် ငြိမ်းချမ်းရေးအသွင်သဏ္ဌာန်ဖော်ဆောင်သည့်ဒေသအဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့မှ သီးသန့်အထူးရန်ပုံငွေများဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ချီဖွေမဲဆန္ဒနယ်မှ ဦးဖုံးတိန့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဖုံးတိန့်(ချီဖွေမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ချီဖွေမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖုံးတိန့် ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုမြန်မာနိုင်ငံ ထာဝစဉ်တည်ငြိမ်အေးချမ်းသာယာရေးတို့ ဦးတည်သောမူဝါဒလမ်းစဉ်အရ

ယခင် ကချင်အထူးဒေသ(၁)(NDAK)တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းကို ယခင်အစိုးရအဖွဲ့မှ ယုံကြည်မှုတည်ဆောက်ကာ ထာဝရငြိမ်းချမ်းရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လက်နက်ကိုင်အဖွဲ့အစည်းသို့ အသွင်ကူးပြောင်းရယူခဲ့သော ဒေသမြို့နယ်များဖြစ်ကြပါတယ်။ မိမိတို့တိုင်းရင်းသားများနေထိုင်သော မြို့နယ်အချို့ မတည်ငြိမ်မှုကြောင့် လူနေမှုဘက်စုံဆင်းရဲနွမ်းပါးမှုမြင့်မားနေခဲ့ခြင်းကို ပြည်သူများ အချိန်နှင့်တစ်ပြေးညီ ဘက်စုံဖွံ့ဖြိုးတိုးတက်လာရေးရဲ့ အဓိကလိုအပ်ချက်ဖြစ်သော လမ်း၊ တံတား၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဝမ်းစာဖူလုံရေး၊ သောက်သုံးရေနှင့် မီးလင်းရေးအစရှိတဲ့ လူမှုဖွံ့ဖြိုးတိုးတက်ရေးတို့ကို လျင်မြန်စွာပေါ်လာအောင် ဆောင်ရွက်ပေးရန် အစိုးရအဖွဲ့မှတာဝန်ခံခဲ့မှုအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများမှ ယုံကြည်ခဲ့၍ ထာဝရငြိမ်းချမ်းရေး တည်ဆောက်ရယူအသွင်ကူးပြောင်းနိုင်ခဲ့သော ဒေသတစ်ခုဖြစ်၍ ပြည်ထောင်စုအစိုးရအဖွဲ့မှ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးတို့ရဲ့ သီးသန့်အထူးရန်ပုံငွေဘတ်ဂျက်များဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်လာရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သော လမ်း၊ တံတား၊ ပညာရေး၊ ကျန်းမာရေး၊ ဝမ်းစာဖူလုံရေး၊ သောက်သုံးရေနှင့် မီးလင်းရေးတို့ကို ဝန်ကြီးဌာနအသီးသီးတို့မှ တတ်စွမ်းသမျှငြိမ်းချမ်းရေးအသွင်သဏ္ဍာန်နမူနာကောင်းများ ပေါ်လွင်လာအောင် ဆောင်ရွက်ပေးမည်ဟု ယုံကြည်မျှော်ကိုးခဲ့ပါတယ်။ သို့သော်ထိုထာဝရငြိမ်းချမ်းရေး အသွင်ကူးပြောင်းရယူခဲ့သော မြို့နယ်ဒေသများတွင် ယခုကာလအထိ ငြိမ်းချမ်းရေးအသွင်သဏ္ဍာန်ဖော်ဆောင်သည့် အထူးအစီအစဉ်များအဖြစ် ဆောင်ရွက်ပေးမှုမရှိဘဲ အခြားဖွံ့ဖြိုးပြီးသောမြို့နယ်များနှင့် တန်းတူသာမန်ရိုးရိုးအဆင့် ဖွံ့ဖြိုးရေးလုပ်ငန်းဘတ်ဂျက်များဖြင့်သာ ဆောင်ရွက်ပေးသည့်အပြင် အချို့ဌာနများမှာ ဖွံ့ဖြိုးရေးဘတ်ဂျက်ယူနစ်များ လျှော့ချ၍ ဆောင်ရွက်နေသည်ကို တွေ့ရှိရပါတယ်။ ဥပမာ - ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)ကို အခြားဖွံ့ဖြိုးပြီးမြို့နယ်များတွင် ၁၀ ယူနစ်အထိ ချပေးသည်ကိုတွေ့ရှိပြီး ငြိမ်းချမ်းရေးရရှိထားသောမြို့နယ်များတွင် နှစ်ယူနစ်ထက်မပိုသော ကိစ္စရပ်များကို တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ထိုဒေသပြည်သူများ ဝမ်းနည်းအားငယ်နေကြရပါတယ်။ သို့ဖြစ်ပါ၍ ယခင်မတည်ငြိမ်မှုကြောင့် ဆင်းရဲနွမ်းပါးမှုမြင့်မားနေသည့်ဒေသကို ထာဝရငြိမ်းချမ်းရေး တည်ဆောက်ရယူကာ အသွင်ကူးပြောင်းနိုင်ခဲ့ပြီးသောဒေသမြို့နယ်များတွင် ဘက်စုံလျင်မြန်စွာ အချိန်နှင့်တစ်ပြေးညီ ပွင့်လင်းမြင်သာစွာ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာစေရန် အခြားဖွံ့ဖြိုးတည်ငြိမ်ခဲ့ပြီးသော မြို့နယ်များထက်တိုးမြှင့်၍ ငြိမ်းချမ်းရေးအသွင်သဏ္ဍာန် ဖော်ဆောင်သည့်ဒေသအဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့ဝန်ကြီးဌာနအသီးသီးမှ သီးသန့်အထူးရန်ပုံငွေဘတ်ဂျက်များဖြင့် ဖွံ့ဖြိုးတိုးမြှင့်ရေးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိကို ဒေသခံပြည်သူများ သိရှိလိုပါ၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ ကချင်ပြည်နယ်၊ ချီဖွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇုန်းတိန့်ရဲ့ ထာဝရငြိမ်းချမ်းရေး တည်ဆောက်အသွင်ကူးပြောင်းရယူထားပြီး ဆင်းရဲနွမ်းပါးမှုမြင့်မားနေတဲ့ မြို့နယ်ဒေသများမှာ ဘက်စုံလျင်မြန်စွာ

ဖွံ့ဖြိုးတိုးတက်ပြောင်းလဲစေရန် ငြိမ်းချမ်းရေးအသွင်သဏ္ဍာန်ဖော်ဆောင်သည့် ဒေသအဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့မှ သီးသန့်အထူးရန်ပုံငွေများဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနတို့ရဲ့ ဖြေကြားချက်များနှင့် ပေါင်းစပ်ပြီးတော့ ကျွန်တော် နယ်စပ်ရေးရာဝန်ကြီးဌာနကနေ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ လက်ရှိအနေအထားမှာဆောင်ရွက်နေတဲ့ အနေအထားအနေနဲ့တော့ ပြည်နယ်၊ တိုင်းဒေသကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသီးသီးတို့မှာ နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်နှစ်ရပ်ကို နှစ်အလိုက်စီမံကိန်းချပြီးတော့ ကျွန်တော်တို့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ကချင်ပြည်နယ်အတွင်းမှာဆိုလို့ရှိရင်လည်း လမ်း၊ တံတား၊ ပညာရေး၊ ကျန်းမာရေး၊ ရေရရှိရေး၊ စွမ်းအင်လုပ်ငန်း၊ အိမ်ရာ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာဆိုလို့ရှိရင် ငွေကျပ် ၄၇၈၅.၈၈၅ သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာဆိုရင် ငွေကျပ် ၅၈၂၇.၇၁၁ သန်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေး နှစ်မှာ ငွေကျပ် ၉၅၄၃.၄၄၆ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။ လက်ရှိအနေအထားမှာလည်း အထူးကိစ္စရပ်အနေနဲ့ ကျွန်တော်တို့ ပူတာအိုခရိုင်အတွင်းမှာရှိတဲ့ မဝွေဇ-ငါ့လုံဒမ်း-ရီဒမ်း-ခေါင်လန်ဖူး ၆၅ မိုင် ၄ ဖာလုံကို ရာသီမရွေးသွားလာနိုင်သည့် ကျောက်ချော လမ်းအဖြစ် ဖောက်လုပ်ခြင်းစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေကျပ် ၃၀၀၀ သန်း ဖြင့်လည်းကောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေကျပ် ၅၃၉၄.၇၉၂ သန်းဖြင့် လည်းကောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမ ၆ လပတ်မှာ ရန်ပုံငွေကျပ် ၈၀၇.၆၅၅ သန်းဖြင့် လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပါတယ်။

အလားတူ ကချင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ဒုတိယ ၁၂ လတွင် ရန်ပုံငွေကျပ် ၆၄၄၆.၀၆၆ သန်းဖြင့် အဆိုပြုလျာထားပြီးလည်း ဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ကတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ ခွင့်ပြုရန်ပုံငွေမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးရန်ပုံငွေဖြင့် ကချင်ပြည်နယ်အတွင်းမှာရှိတဲ့မြို့နယ်များအတွက် ၂၀၁၁ ခုနှစ်ကနေပြီးတော့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ကနေ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အထိ နှစ်စဉ်ရန်ပုံငွေကျပ် သန်း ၁၀၀၀၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ ကျပ်သန်း ၁၅၀၀၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေကျပ်သန်း ၅၀၀၀ တို့ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ အလားတူ ကချင်ပြည်နယ်အတွင်း မြို့နယ်များအလိုက် ပြည်ထောင်စုလွှတ်တော် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် တစ်မြို့နယ်လျှင် ကျပ်သိန်း ၁၀၀၀ နှုန်းဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ မြို့နယ်အလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထို့အပြင် ကချင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကလည်း ဘဏ္ဍာရေးနှစ်အလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ကနေ ၂၀၁၆-

၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ တစ်နှစ်လျှင် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သန်း ၂၀ ဖြင့် နှစ်စဉ် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဝိုင်းမော်မြို့နယ်မှာ တံတားတည်ဆောက်ခြင်းလုပ်ငန်းတစ်ခု၊ မိုးညှင်းမြို့နယ်မှာ တံတားတည်ဆောက်ခြင်းလုပ်ငန်းနှစ်ခု၊ ဗန်းမော်မြို့နယ်မှာ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းတစ်ခု၊ မံစီမြို့နယ်မှာ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းတစ်ခုနှင့် ပူတာအိုမြို့နယ်မှာ တံတားတည်ဆောက်ခြင်းလုပ်ငန်းတစ်ခု စုစုပေါင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ခြောက်ခုကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာမှာ ရာခိုင်နှုန်းပြည့် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်းကိုလည်း သိရှိရပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ကတော့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ သာမန်အသုံးစရိတ်(နိုင်ငံတော်ထောက်ပံ့ငွေ)ကနေပြီးတော့ ကချင်ပြည်နယ်သို့ မြစိမ်းရောင်(အသားကဏ္ဍ)ကျေးရွာထူထောင်ခြင်း၊ မျိုးကောင်းမျိုးသန့် မွေးမြူရေးတိရစ္ဆာန်များ ဖြန့်ဖြူးခြင်း၊ နို့စားနွားဖြန့်ဖြူးခြင်း၊ ဘဲ၊ ကြက် ဖြန့်ဖြူးခြင်းတို့အတွက် စုစုပေါင်းငွေကျပ်သန်း ၁၂၀ ကို သုံးစွဲဆောင်ရွက်ခဲ့ပါတယ်။ ကချင်ပြည်နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်လမ်း၊ တံတား၊ ရေပေးရေး၊ မီးလင်းရေးလုပ်ငန်းများနှင့် အခြားလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များအရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး (နိုင်ငံတော်ထောက်ပံ့မှု)ရန်ပုံငွေမှလည်း ကချင်ပြည်နယ်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ပေးခဲ့တဲ့ငွေ Amount ကတော့ အသုံးစရိတ်စုစုပေါင်းမှာ ငွေကျပ် ၃၅၉၃၄.၃၅၄၅ သန်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုရန်ပုံငွေဖြင့် ချီဖွေမြို့နယ် ဘိန်းအစားထိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မိုးသီးနှံပုလဲသွယ် ၈၀ ဧကနှင့် အစေ့ထုတ်ပြောင်း ၁၀ ဧက၊ ဆီမုန်ညှင်းဧက ၂၀၊ ဖူးစားပြောင်း ၂၀ ဧကအား မျိုးစေ့ဖြန့်ဖြူးခြင်း၊ နှစ်ရှည်ပျိုးပင် ၅ ဧကစာ ၂၁၇၈ ပင် ဖြန့်ဖြူးခြင်း၊ စံပြကွက်အနေဖြင့် မိုးစပါး ၂ ဧက၊ ဆောင်းသီးနှံဆီမုန်ညှင်း ၁ ဧက၊ သစ်ကြား ၀.၅၀ ဧက ဆောင်ရွက်ခြင်း၊ နည်းပညာဖြန့်ဖြူးခြင်းအတွက် ပညာပေးသင်တန်းသုံးကြိမ်ဆောင်ရွက်ခြင်း၊ လက်ကမ်းစာစောင် ၅၀၀၀ ဖြန့်ဝေခြင်း၊ ကွင်းသရုပ်ပြပွဲနှစ်ကြိမ်ဆောင်ရွက်ခြင်း၊ သီးနှံများ အထွက်နှုန်းပိုမိုထွက်ရှိစေရေးအတွက် ဓာတ်မြေသြဇာယူရီးယား ၃၅ အိတ်နှင့် ကွန်ပေါင်း ၃၀ အိတ်ဖြန့်ဖြူးခြင်း၊ ပညာပေးလုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေအောင်မြင်စေရေးအတွက် ဒေသစကားကျွမ်းကျင်သည့် ဝန်ထမ်းနှစ်ဦးကိုလည်း ငှားရမ်းတာဝန်ပေးဆောင်ရွက်ခဲ့ကြောင်း သိရပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအပေါ် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်မှုမဖြစ်စေရေး၊ ရရှိပြီးဖြစ်သည့် ဖွံ့ဖြိုးတိုးတက်မှုများရပ်တန့်မသွားစေရေး၊ ဆုတ်ယုတ်မသွားစေရေး၊ ပြည်သူလူထုအပေါ် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ခံစားရမှုများမှ လျော့နည်းသက်သာစေရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရပါတယ်။ အဆိုပါလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက်လည်း နိုင်ငံတော်မှ ခွဲဝေချထားပေးတဲ့ ဘတ်ဂျက်ရန်ပုံငွေနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်မှ

စီမံခန့်ခွဲမှုရန်ပုံငွေတို့မှ ကျခံသုံးစွဲလျက်ရှိကြောင်းလည်း တင်ပြထားပါတယ်။ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ခံစားရသည့် ဘေးသင့်ပြည်သူများအတွက် အရေးပေါ်အစားအစာ၊ မိသားစုသုံးပစ္စည်းများ၊ အိုးအိမ်များပြန်လည်ပြုပြင်ရာမှာ အထောက်အကူဖြစ်စေရန်အတွက် အိမ်ဆောက်ပစ္စည်းဖိုးငွေ၊ သေဆုံးသူတို့ရဲ့ ကျန်ရစ်တဲ့မိသားစုများကို ထောက်ပံ့ခြင်းစသည့် လတ်တလော စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာထိခိုက်ခံစားရမှုမှ လျော့နည်းသက်သာစေရန်ထောက်ပံ့ခြင်း၊ ဘေးသင့်ပြည်သူများရဲ့ အသက်မွေးဝမ်းကျောင်းနှင့် ပြန်လည်ထူထောင်နိုင်ရေးလုပ်ငန်းများအတွက် ထောက်ပံ့ခြင်းလုပ်ငန်းများကိုလည်း အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားထားပါတယ်။

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနအနေဖြင့်ကတော့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနကို ဖွဲ့စည်းထားပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနအနေဖြင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်၍ အသွင်ကူးပြောင်းရယူထားတဲ့အဖွဲ့အစည်းများ၊ တစ်နိုင်ငံလုံးပစ်ခတ်မှုရပ်စဲရေးသဘောတူစာချုပ်လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက တင်ပြသည့် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးရေးလိုအပ်ချက်များကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် ကျွန်တော်တို့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့နှင့် ပေါင်းစပ်ညှိနှိုင်း၍ လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက် ပေးလျက်ရှိပါတယ်။ ပဋိပက္ခကျရောက်ခဲ့ရတဲ့ ဒေသများမှာလည်း တိုင်းရင်းသားပြည်သူများရဲ့ စားဝတ်နေရေးအတွက် ပြည်ထောင်စုအစိုးရ၏ ဘဏ္ဍာရန်ပုံငွေ၊ အထူးသဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရဲ့ ရန်ပုံငွေတို့ဖြင့် ထောက်ပံ့ပေးလျက်ရှိပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနရဲ့ ရန်ပုံငွေ၊ ပြည်တွင်းပြည်ပအလှူရှင်များရဲ့ လှူဒါန်းငွေများဖြင့်လည်း တိုင်းရင်းသားပြည်သူများရဲ့ စားဝတ်နေရေးလိုအပ်ချက်များကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါတယ်။

တိုင်းရင်းသားဒေသများမှာ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပေးနိုင်ရေးနှင့် ငြိမ်းချမ်းရေးရန်ပုံငွေများကို အကျိုးရှိစွာအသုံးပြုနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီးတော့ ကျွန်တော်တို့ အစိုးရကိုယ်စားလှယ်တွေ၊ NCA ရေးထိုးခြင်းမပြုရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရန်ပုံငွေဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့(JCB)ကိုလည်း ဖွဲ့စည်းထားပါတယ်။ နိုင်ငံတကာမှ ကူညီထောက်ပံ့လျက်ရှိတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရန်ပုံငွေများကို ခွဲဝေလျာထား အသုံးပြု၍ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကဏ္ဍ၊ စေ့စပ်ညှိနှိုင်းဆွေးနွေးရေးကဏ္ဍ၊ ငြိမ်းချမ်းရေး အထောက်အကူပြုဖွံ့ဖြိုးရေးကဏ္ဍနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ကဏ္ဍစသည်ဖြင့် ဦးစားပေးကဏ္ဍကြီး ၄ ရပ် သတ်မှတ်ထားပါတယ်။ NCA ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ရရှိထားတဲ့ ငြိမ်းချမ်းရေးခိုင်မာစေရန် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာပူးတွဲ စောင့်ကြည့်ရေး

ကော်မတီ(JMC)ကို ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်၊ ဒေသအဆင့်ဖြင့် စောင့်ကြည့်ရေး ယန္တရားအဆင့်ဆင့်ကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ တစ်ဖက်မှာလည်း ပဋိပက္ခများ လျှော့ချနိုင်ရန်ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်နေသကဲ့သို့ တစ်ဖက်တွင်လည်း ဒေသခံများရဲ့ အကျိုးစီးပွားကို အတတ်နိုင်ဆုံး စောင့်ရှောက်မြှင့်တင်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပဋိပက္ခဒဏ်ခံစားနေရတဲ့ဒေသအတွင်း စီးပွားရေးလုပ်ငန်းများကိုလည်း Public Private Partnership(PPP)ပုံစံဆောင်ရွက်နိုင်ရန်၊ ဈေးကွက်သဘောတရားနှင့်အညီ ဆောင်ရွက်နိုင်ရန်နှင့် ဆောင်ရွက်ပုံဆောင်ရွက်နည်းများ သိရှိနားလည်စေရန် ဆွေးနွေးပွဲများကျင်းပပြုလုပ်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ခေတ်အဆက်ဆက် ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ပြည်မနှင့် ပြည်နယ်အလိုက် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်လျက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ သက်ဆိုင်ရာ ဖွံ့ဖြိုးရေးစီမံကိန်းများကို နှစ်အလိုက်စီမံကိန်းချမှတ်၍ ဆောင်ရွက်လျက်ရှိရာမှာ နိုင်ငံတော်၏ အခြေအနေအရပ်ရပ်များကြောင့် အချို့သောဒေသများမှာ ဖွံ့ဖြိုးရေးစီမံကိန်းများဟာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်ရှိကြောင်းကိုလည်း တွေ့ရှိရပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် နောင်အနာဂတ်မှာလည်း ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများကို နှစ်အလိုက်စီမံကိန်းချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသဖြင့် သီးသန့်အထူးရန်ပုံငွေအနေဖြင့် ဆောင်ရွက်ပေးသွားရန်မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဖုံးတိန့်(ချီဖွေမဲဆန္ဒနယ်)**။ ။ ဝန်ကြီး စုံစုံလင်လင်ရှင်းလင်းတင်ပြသွားတဲ့အတွက် ကြောင့် ကျေးဇူးတင်ပါတယ်။ သို့သော်ငြားလည်း ကျွန်တော်မေးတာကတော့ ထာဝရငြိမ်းချမ်းရေး တည်ဆောက်ထားတဲ့ဒေသ၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲမှသာ လုပ်မယ်ဆိုတဲ့သဘောလားဆိုတဲ့ ဥစ္စာလေးကို တစ်ဆက်တစ်စပ်တည်းမေးချင်တာပါ။ ပြီးရင် ကျွန်တော်တို့က ငြိမ်းချမ်းရေးရရှိပြီးသား၊ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ထားပြီးသားဒေသကို အခြားမြို့နယ်များထက် ပိုပြီးမှ ယခင် ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်တဲ့အခါမှာ နိုင်ငံတော်ကလည်း အတတ်နိုင်ဆုံးဆောင်ရွက်ပေး သွားမည်ဆိုတဲ့ကတိရှိတဲ့အတိုင်းအတာကို ဒီနေ့အဲဒီလိုမျိုးဟာတွေကြောင့် အခြားမြို့နယ် သာမန်တစ်ခု လောလောဆယ်ဝန်ကြီးဖြေကြားသွားတဲ့အထဲမှာတော့ သာမန်အခြားမြို့နယ်များ ဆောင်ရွက်တဲ့ အတိုင်းအတာတွေပဲ ဆောင်ရွက်ပေးနိုင်တယ်ဆိုတဲ့ဟာမျိုး၊ နှစ်အလိုက်ဆောင်ရွက်ပေးနိုင်တယ်ဆိုတဲ့ ဟာမျိုး ဖြေကြားသွားတာကို တွေ့ရှိရပါတယ်။ သို့သော်ငြားလည်း ကျွန်တော့်မေးခွန်းကတော့ နိုင်ငံတော်အခြေခံဥပဒေနှင့်အညီ အသွင်ကူးပြောင်းတဲ့ဒေသမြို့နယ်များကို အဲဒီလိုမျိုးအထူး ဆောင်ရွက်ပေးဖို့အစီအစဉ်မရှိဘူးလို့ ဖြေတဲ့ဥစ္စာကြီးက အကယ်၍ ကျွန်တော်တို့ ဒီအတိုင်းထားရင် ပြည်သူများအနေနဲ့ မငြိမ်းချမ်းရေး ဆက်လက်မစဉ်းစားတဲ့အခန်းကဏ္ဍဒေသများက လူတွေအားလည်း သက်ရောက်မှုရှိပါမလားဆိုတာလေးကို တစ်ဆက်တစ်စပ်တည်း တင်ပြမေးမြန်း ချင်တာပါ။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနက ဖြေကြားနိုင်က ဖြေကြားပေးပါ။

**ဗိုလ်ချုပ်သန်းထွင်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့အနေနဲ့ကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောသွားသလိုပါပဲ။ အထူးကိစ္စရပ်အနေနဲ့ ကျွန်တော်တို့ ဆောင်ရွက်ပေးချင်တယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့လုပ်ချင်တဲ့ဟာလေးတွေ၊ ဘာလုပ်ချင်တယ်၊ ဘာလုပ်ချင်လဲ ဒီဥစ္စာလေးတွေကိုတော့ ကျွန်တော်တို့ဝန်ကြီးဌာနကို နယ်စပ်ရေးရာဝန်ကြီးဌာနပေါ့ ခင်ဗျား။ ကျွန်တော်တို့နယ်စပ်ရေးရာဝန်ကြီးဌာနကို တင်ပြပေးပါ။ တင်ပြပေးလို့ရှိရင် ကျွန်တော်တို့ အထူးကိစ္စရပ်အနေနဲ့ ကျွန်တော်တို့ဆောင်ရွက်ပေးပါမယ်။ လက်ရှိမှာလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးတို့တင်ပြတဲ့ကိစ္စတွေကိုလည်း ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ အတတ်နိုင်ဆုံး ဘဏ္ဍာငွေရရှိမှုအပေါ်မှာမူတည်ပြီးတော့ ကျွန်တော်တို့ဆောင်ရွက်ပေးပါတယ်။ တခြားဝန်ကြီးဌာနတွေကတော့ စောစောက လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့အချက်နဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ကျွန်တော့်အနေနဲ့ ရှင်းလင်းဖြေကြားအပ်ပါတယ်။

**နယ်စပ်ရေးရာဝန်ကြီးဌာနမှ မိုင်းပန်-နောင်လေ-မိုင်းပုတ်(ပန်ပိ)လမ်း (၃၆)မိုင်မှ ကျန်မြေသားလမ်း (၂၁)မိုင်အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းကျော်မိုး(မိုင်းပန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ မိုင်းပန်မဲဆန္ဒနယ်က ဦးစိုင်းကျော်မိုး ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်တင်ပြမယ့်မေးခွန်းကတော့ မိုင်းပန်မြို့နယ်အတွင်း နယ်စပ်ရေးရာဝန်ကြီးဌာနမှ မိုင်းပန်-နောင်လေ-မိုင်းပုတ်(ပန်ပိ)လမ်း ၃၆ မိုင်မှ ကျောက်ချောလမ်း ၁၅ မိုင်ခင်းပြီး ကျန်မြေသားလမ်း ၂၁ မိုင်က ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ကျောက်ချောလမ်းဆက်၍ ဖောက်လုပ်ပေးနိုင်ပါရန်နှင့် နှစ်အလိုက်အဆင့်ဆင့်ဆောင်ရွက်ရမည်ဆိုပါက မြေသားလမ်းအဆင့်မြှင့်တင်ခြင်းမှစတင်၍ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းပန်မြို့နယ်အတွင်း မိုင်းပန်မြို့မှ နောင်လေ၊ မိုင်းပုတ်(ပန်ပိ)သွားလမ်း ၃၆ မိုင်ကို နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူ၍ ၂၀၁၄ ခုနှစ်မှစတင်ဖောက်လုပ်ခဲ့ပါတယ်။ ၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ မြေသားလမ်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကျောက်ချောလမ်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကျောက်ချောလမ်း ၁၂ မိုင် စုစုပေါင်း ကျောက်ချောလမ်း ၁၅ မိုင် ဆောင်ရွက်ခွင့်ပြုခဲ့ပြီး အဆိုပါလမ်းကိုလည်း ဖောက်လုပ်လျက်ရှိပါတယ်။ အဆိုပါလမ်းဟာ နားမွန်ကျေးရွာအုပ်စုအတွင်းမှာ မိုင်းပုတ်(ပန်ပိ)လမ်းတစ်လျှောက်မှာရှိတဲ့ နောင်လွန်း-နောင်လေ- မိုင်းပုတ်(ပန်ပိ)-ဆန်ကွယ်နောင်ချို့ကျေးရွာများသို့ ဆက်သွယ်ဖောက်လုပ်ထားတဲ့ဒေသဖြစ်ပြီးတော့ ထိုဒေသအတွက်မရှိမဖြစ် လိုအပ်တဲ့ဒေသတွင်းကုန်ထုတ်လမ်း၊ အများက အားကိုးအသုံးပြုနေရတဲ့လမ်းလည်း ဖြစ်ပါတယ်။ မိုင်းပုတ်(ပန်ပိ)ဒေသဟာ မိုင်းပန်မြို့မှ ၃၆ မိုင် ကွာဝေးပြီးတော့ အိမ်ထောင်စု ၁၉၀၀ ကျော်နဲ့ လူဦးရေ ၁၀၀၀၀ ကျော်နေထိုင်တဲ့ ကျေးရွာများဖြစ်ပြီးတော့ တိုင်းရင်းသားအများစုနေထိုင်တဲ့အတွက် ယခုလမ်းဟာ များစွာအကျိုးပြုမှာ ဖြစ်ပါတယ်။ ပေ

၄၀၀၀ ကျော်မြင့်မားတဲ့ တောင်ကုန်း၊ တောင်တန်းများကြားမှာ တည်ရှိတဲ့ရွာများဖြစ်ပြီး ဆန်စပါး၊ သီးနှံများ စိုက်ပျိုးနိုင်သော်လည်းပဲ ထွက်ရှိသီးနှံများကို ရောင်းချနိုင်ရန်အတွက်လမ်းပန်းဆက်သွယ်ရေး မကောင်းခြင်း၊ သယ်ယူစရိတ်ကြီးမြင့်ခြင်းတို့ကြောင့် စားဝတ်နေရေးခက်ခဲကာ ယခင်က ဘိန်းစိုက်ပျိုးခဲ့တဲ့ ဒေသများဖြစ်ပြီးတော့ ကျန်းမာရေး၊ ပညာရေး၊ လူမှုစီးပွားဘဝ အစစအရာရာနိမ့်ကျနေတဲ့ဒေသလည်းဘဲ ဖြစ်ပါတယ်။ နိုင်ငံတော်မှလည်းပဲ လက်ရှိအခြေအနေမှာ ကျောက်ချောလမ်းအား ဘဏ္ဍာရေးနှစ်အလိုက် ဖောက်လုပ်ပေးနေတာဖြစ်ပြီး ကျန်ရှိတဲ့လမ်းပိုင်းကိုလည်း ဆက်လက်ဖောက်လုပ်ပြီးစီးပါက ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးနိုင်ပြီး စက်မှုလယ်ယာလုပ်ငန်းများ တိုးတက်လာအောင် ဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် ဒေသခံတိုင်းရင်းသားများက အမှန်တကယ်ဦးစားပေးလိုအပ်နေကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ နယ်စပ်ရေးရာဝန်ကြီးဌာနသို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ မိုင်းပန်-နောင်လေ- မိုင်းပုတ်(ပန်ပိ)လမ်း ၃၆ မိုင်မှ ခင်းရန်ကျန်ရှိသည့် မြေသားလမ်း ၂၁ မိုင်အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်းမှာ ကျောက်ချောလမ်းဆက်၍ ခင်းပေးနိုင်ပါရန်နှင့် နှစ်အလိုက် အဆင့်ဆင့်ဆောင်ရွက်ရမည်ဆိုပါက မြေသားလမ်းအဆင့်မြှင့်တင်ခြင်းမှစတင်၍ ဆောင်ရွက်ပေးနိုင်ပါရန် ဒေသခံပြည်သူများကိုယ်စား မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွင်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းပန်မြို့နယ်၊ ပန်တဝိ၊ ပန်ပိ၊ နောင်လေကျေးရွာအုပ်စုများအတွင်းရှိ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရေးအတွက် မိုင်းပန်-နောင်လေ-မိုင်းပုတ်(ပန်ပိ) လမ်း ၃၆ မိုင်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ကနေစတင်ပြီးတော့ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ ၄၃၂ သန်းဖြင့် ကျွန်တော်တို့ မြေလမ်းဖောက်လုပ်ပေးခဲ့ပြီးလည်း ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာလည်း ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့တော့ မိုင်းပန်-နောင်လေ-မိုင်းပုတ်(ပန်ပိ) လမ်း ၃၆ မိုင်အနက် ၅ မိုင် ကျောက်ခင်းခြင်းကိုလည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ကျောက်လမ်း ၇ မိုင်နှင့် ကွန်ကရစ်တံတား ၁၆ ပေ တစ်စင်း၊ ၁၈ ပေ တစ်စင်း၊ ၄၇ ပေ တစ်စင်း၊ ၂၅ ပေ သုံးစင်း၊ ၂၀ ပေ နှစ်စင်း၊ ၃ ပေ ရေပြွန် ၁၂ စင်း၊ ၅ ပေ Box Culvert ၁၁ စင်း၊ ၃ ပေ ရေကျော် သုံးစင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီးလည်းဖြစ်ပါတယ်။ ၎င်းအပြင်မှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမခြောက်လမှာ နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေမှ ကျောက်လမ်း ၁ မိုင် ၂ ဖာလုံနှင့် ၅ ပေ Box Culvert လေးစင်းတို့ကို ခွင့်ပြုရန်ပုံငွေကျပ် ၁၅၇.၃၆ သန်းဖြင့် ဆောင်ရွက်လျက် ရှိပါတယ်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဒုတိယ ၁၂ လ ရန်ပုံငွေလျာထားချက်မှာလည်း နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်ထောင်စုရန်ပုံငွေကနေပြီးတော့ ကျောက်လမ်း ၂ မိုင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေမှ ကျောက်လမ်း ၃ မိုင် အဆင့်မြှင့်တင်ဆောင်ရွက်ရန်အတွက် ရန်ပုံငွေကိုလည်း ကျွန်တော်တို့အဆိုပြုထည့်သွင်းလျာထားပြီး ဖြစ်ပါတယ်။ ရန်ပုံငွေခွင့်ပြုချက်ရရှိမှုအပေါ်မှာမူတည်ပြီးတော့ လုပ်ငန်းများကိုလည်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျန်ရှိတဲ့လမ်းပိုင်းကိုလည်း ဆက်လက်ပြီးတော့ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က စိစစ်ထောက်ခံတင်ပြလာမည်ဆိုလို့ရှိရင် ကျွန်တော်တို့အနေနဲ့ ဘဏ္ဍာရေးနှစ်အလိုက်၊ ဦးစားပေးအလိုက် အဆိုပြုထည့်သွင်းလျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးစိုင်းကျော်မိုး(မိုင်းပန်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်းမေးခွန်းကို မေးမြန်းတင်ပြခွင့်ပြုပါခင်ဗျား။ ဝန်ကြီးအခုလိုဖြေကြားပေးတဲ့အတွက်လည်းပဲ ဒေသခံပြည်သူများကိုယ်စား အထူးပဲကျေးဇူးတင်ရှိပါတယ်။ ယခုလို ကျောက်ချောလမ်း ခွင့်ပြုချထားပေးရာမှာ ဘဏ္ဍာရေးနှစ်အလိုက် လမ်းမိုင်အနည်းငယ်သာ ခွင့်ပြုရရှိခဲ့တဲ့အတွက် ကျန်ရှိတဲ့လမ်းမိုင်များမှာ မြေသားလုပ်ငန်းများ ဆောင်ရွက်ရန် ကျန်ရှိတဲ့အပြင် လမ်းဖောက်လုပ်ခြင်းနှင့် အမြန်ပြီးစီးဖို့အတွက်ကို ဒေသခံတိုင်းရင်းသားအားလုံးတို့က အမှန်တကယ်လိုလားနေကြပါတယ်။ ဒါကြောင့်မို့လို့ယခုကျန်ရှိတဲ့ လမ်းမိုင်အားလုံးကို ကျောက်ရောမြေ ၆ လက်မထုနှင့်ကြိတ်ပြီးဆောင်ရွက်ရတဲ့ အဆင့်မြှင့်မြေသားလမ်း ဖောက်လုပ်ပေးမည်ဆိုပါက ဘဏ္ဍာရေးကုန်ကျမှုအနည်းငယ်ဖြင့် လုပ်ငန်းပမာဏများများ ပြီးနိုင်တဲ့အတွက် ကျန်ရှိသည့်လမ်းအပိုင်းအားလုံးကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ အဆင့်မြှင့်မြေသားလမ်းဖောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိ မေးခွန်းကို ထပ်ဆင့်မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ပြန်လည်ဖြေကြားပေးပါ။

**ဗိုလ်ချုပ်သန်းထွင်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ မေးမြန်းထားတဲ့ကျန်တဲ့လမ်းတွေကို ကျောက်ရောမြေလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးဖို့ဆိုတဲ့ကိစ္စကတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာတော့ မဖြစ်နိုင်တော့ပါဘူး။ မဖြစ်နိုင်ဘူးဆိုတာ ဘာဖြစ်လို့လဲဆိုတော့ မနေ့ကပဲ ကျွန်တော်တို့အားလုံး ရန်ပုံငွေလျာထားပြီး ဖြစ်ပါတယ်။ အဲဒါဖြစ်တဲ့အတွက် တကယ်လို့ဟိုဒင်းဖြစ်တယ်ဆိုလို့ရှိရင်တော့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ လျာထားဆောင်ရွက်ပေးပါမည်ဖြစ်ပါကြောင်း ကျွန်တော့်အနေနဲ့ ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က တင်သွင်းသည့် ပြည်ထောင်စုလွှတ်တော်မှာ ပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတမှ လက်မှတ်ရေးထိုးထုတ်ပြန်ပြီးသည့် မူလဥပဒေများကို နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးအတွက် အကောင်အထည်ဖော်ကျင့်သုံးကြရမည့် ပြည်ထောင်စု အဆင့်အဖွဲ့အစည်းများမှ တစ်ဆင့်ခံဥပဒေဖြစ်သည့် နည်းဥပဒေများကို အချိန်နှင့် တစ်ပြေးညီရေးဆွဲထုတ်ပြန်ကျင့်သုံးပေးပါရန် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့ အစည်းသို့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ (၁၅-၅-၂၀၁၈ ရက်နေ့)တွင် တင်သွင်းထားတဲ့ ပြည်ထောင်စုလွှတ်တော်မှာ ပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတမှ လက်မှတ်ရေးထိုးထုတ်ပြန်ပြီးသည့် မူလဥပဒေများကို နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးအတွက် အကောင်အထည်ဖော်ကျင့်သုံးကြရမည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ တစ်ဆင့်ခံဥပဒေဖြစ်သည့် နည်းဥပဒေများကို အချိန်နှင့်တစ်ပြေးညီ ရေးဆွဲထုတ်ပြန်ကျင့်သုံးပေးပါရန် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းသို့ တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့် စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ်ရှစ်ဦးရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဦးမြစိန်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမြစိန်[ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်]**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဖွဲ့ဝင်ဝန်ကြီးများနှင့် ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြစိန်ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အကြံပြုထောက်ခံဆွေးနွေးသွားမယ့်အဆိုကတော့ ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်ရဲ့ ပြည်ထောင်စု လွှတ်တော်မှာ ပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတမှ လက်မှတ်ရေးထိုးထုတ်ပြန်ပြီးသည့် မူလဥပဒေများကို နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးအတွက် အကောင်အထည်ဖော်ကျင့်သုံးကြရမည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ တစ်ဆင့်ခံဥပဒေဖြစ်သည့် နည်းဥပဒေများကို အချိန်နှင့် တစ်ပြေးညီရေးဆွဲ ထုတ်ပြန်ကျင့်သုံးပေးပါရန် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းသို့ တိုက်တွန်းကြောင်းအဆိုကို အကြံပြုချက်နှင့်တကွ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ အနေနဲ့ ရှေးဘုရင်များလက်ထက်ကတည်းက ဥပဒေများသတ်မှတ်ရာမှာ ထိုအချိန်ကတည်းကရှိနေသော လူမှုရေးစံ Existing Social Norm နှင့် Standard များသတ်မှတ်ပြီး မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ၊ မြန်မာ့ Customary Law ဖြစ်သော Native Law များမှစတင်ခဲ့ကြောင်း တွေ့ရှိခဲ့ပါတယ်။ ဘုရင်များလက်ထက်မှာ ဓမ္မသတ်၊ ရာဇသတ်၊ ဖြတ်ထုံး၊ Presence ပါဝင်ကြောင်းတွေ့ရှိရပါတယ်။

လက်ရှိမြန်မာနိုင်ငံဥပဒေများမှာ Common Law ဥပဒေစနစ်ဖြစ်ပြီး ဗြိတိသျှကိုလိုနီလက်ထက်တွင် ဥပဒေများကို Act အဖြစ် ၁၉၆၂ ခုနှစ်အထိ ပြဋ္ဌာန်းကျင့်သုံးခဲ့ကြောင်း တွေ့ရှိရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၆ တွင် ပြည်ထောင်စုလွှတ်တော်သည် ဇယား(၁)တွင်ဖော်ပြထားသော ပြည်ထောင်စုဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတစ်ဝှမ်းလုံးအတွက် သော်လည်းကောင်း၊ ပြည်ထောင်စု၏တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း အာဏာသက်ရောက်ရန် ဥပဒေပြုခွင့်ရှိသည်ဟု ဖော်ပြထားပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၇ တွင် ပြည်ထောင်စုလွှတ်တော်သည် ဥပဒေတစ်ရပ်ရပ်ပြဋ္ဌာန်းသည့်အခါ (၁) ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်အား ယင်းဥပဒေနှင့်သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။ (၂) သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်အား ဥပဒေနှင့်သက်ဆိုင်သည့် အမိန့်ကြော်ညာစာ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။ (၃) ဥပဒေတစ်ရပ်ရပ်က အပ်နှင်းသည့်လုပ်ပိုင်ခွင့်အရ ပြုလုပ်သောနည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ညာစာ၊ အမိန့်စာ၊ အမိန့်ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း ညီညွတ်မှုရှိရမည်ဟု ဖော်ပြထားပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဇယား(၁)ပါ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြထားသောကိစ္စရပ်များအနက် ပြည်ထောင်စုလွှတ်တော်တွင်သာ ဥပဒေကြမ်းတင်သွင်းဆုံးဖြတ်ရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြဋ္ဌာန်းထားသည့်ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၃၆ အရ ပြည်သူ့လွှတ်တော်တွင် ဥပဒေကြမ်းစတင် တင်သွင်းခွင့်ရှိကြောင်းနှင့် ပုဒ်မ ၁၅၆ အရ အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်း စတင်တင်သွင်းခွင့်ရှိကြောင်း ဖော်ပြထားပါတယ်။ နည်းဥပဒေ စည်းမျဉ်း သို့မဟုတ် စည်းကမ်းတစ်ရပ်သည် သက်ဆိုင်ရာဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ညီညွတ်မှုမရှိကြောင်း တွေ့ရှိရပါက ယင်းဥပဒေ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် နည်းဥပဒေ စည်းမျဉ်း သို့မဟုတ် စည်းကမ်းဖြန့်ဝေတင်ပြသောနေ့မှ ရက်ပေါင်း ၉၀ အတွင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၃၇ ပုဒ်မခွဲ(ခ)အရ ပြည်သူ့လွှတ်တော်တွင်လည်းကောင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၇ အရ အမျိုးသားလွှတ်တော်တွင်လည်းကောင်း အဆိုတင်သွင်းနိုင်သည်ဟု ဖော်ပြပါရှိပါတယ်။

လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၃-၉-၂၀၁၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတွင် သတင်းထုတ်ပြန်ချက်အရ မြန်မာနိုင်ငံမှ ဖော်ပြပါနေ့အထိ ကျင့်သုံးဆဲဥပဒေပေါင်း ၃၉၇ ခုရှိကြောင်း ဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်းများအလိုက် အသုံးပြုနေသောဥပဒေများကို အမည်နှင့်တကွဖော်ပြထားတာကို တွေ့ရှိရပါတယ်။ ထိုဥပဒေအများစုမှာ နည်းဥပဒေမရှိသေးကြောင်း တွေ့ရှိရပါတယ်။ အဆိုရှင် တင်ပြထားသကဲ့သို့ ရပ်ကွက်နှင့် ကျေး

ရွာအုပ်စုအုပ်ချုပ်ရေးမှူးဥပဒေများသာ ပြင်ဆင်ခဲ့ပြီး နည်းဥပဒေများကို အသေးစိတ်ရှင်းလင်းစွာ မပြင်ဆင်ခဲ့သဖြင့် ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူး ရွေးချယ်ပွဲများမှာ ပြဿနာများထူပြောလျက်ရှိ တာကို တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ယနေ့ကျင့်သုံးသော ဥပဒေအများစုတွင် နည်းဥပဒေမရှိသေး ကြောင်း တွေ့ရှိရပါတယ်။ အချို့ဥပဒေများတွင် နည်းဥပဒေမရေးဆွဲသေးဘဲ ဥပဒေများအတွင်း နည်းဥပဒေဆန်စွာ ထည့်သွင်းသုံးစွဲနေကြောင်း တွေ့ရှိရပါတယ်။ သို့သော် ဥပဒေအားလုံးကို နည်းဥပဒေအဖြစ် ပြဋ္ဌာန်းရမည်ဟု မဆိုလိုဘဲ လိုအပ်သောဥပဒေများတွင်သာ နည်းဥပဒေများ ပြဋ္ဌာန်း ပေးသင့်ပါကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်မှပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတမှလက်မှတ်ရေးထိုးထုတ်ပြန်ပြီးသည့် မူလဥပဒေများကို နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးအတွက် အကောင်အထည်ဖော်ကျင့်သုံးကြ ရမည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ တစ်ဆင့်ခံဥပဒေဖြစ်သည့်နည်းဥပဒေများကို အချိန်နှင့် တစ်ပြေးညီ ရေးဆွဲထုတ်ပြန်ကျင့်သုံးပေးပါရန် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသို့ တိုက်တွန်းကြောင်း ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်မှအဆိုကို အကြံပြုချက်နှင့်တကွ ထောက်ခံပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဆွေးနွေးတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်သန္တာ(အိမ်မဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကတော့ ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာဖြစ်ပြီး ဦးတင်ထွေးရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥပဒေဆိုတာ ပြဋ္ဌာန်းပိုင်ခွင့်ရှိသော အာဏာပိုင်ပုဂ္ဂိုလ်အဖွဲ့အစည်းက ပြဋ္ဌာန်းထားသော အများလိုက်နာကျင့်သုံး ရမည့် စည်းမျဉ်းစည်းကမ်းဖြစ်ပြီး ဒီမိုကရေစီခေတ်မှာတော့ အများပြည်သူရွေးချယ်တင်မြှောက်ထား တဲ့ ဥပဒေပြုအဖွဲ့အစည်း၊ လွှတ်တော်အဖွဲ့အစည်းတွေကနေ ဥပဒေပြဋ္ဌာန်းကြပါတယ်။ ဥပဒေတစ်ရပ် ဟာ တရားမျှတရမယ်။ ဘက်လိုက်မှုမရှိစေရ။ အများကနားလည်လွယ်ပြီး လိုက်နာနိုင်ရမယ်လို့ ဆိုပါတယ်။ ဒါ့အပြင် ဥပဒေတစ်ရပ်ပြဋ္ဌာန်းပြီးတာနဲ့ အာဏာသက်ရောက်စေရမှာလည်းဖြစ်ပါတယ်။ ဒါမှ ဥပဒေချိုးဖောက်သူ မည်သူ့ကိုမဆို ဥပဒေကသတ်မှတ်တဲ့ပြစ်ဒဏ်ကို ခံရမှာဖြစ်ပြီး ဥပဒေကို လေးစားလိုက်နာတဲ့သူတွေကိုလည်း ဥပဒေအရ ကာကွယ်ပေးရမှာဖြစ်ပါတယ်။ ဒါကိုပဲ တရားဥပဒေ စိုးမိုးရေးလို့လည်း ခေါ်ပါတယ်။ အချို့ပင်မဥပဒေဟာ ပြဋ္ဌာန်းလိုက်တဲ့အခါ သက်ဆိုင်တဲ့ပြည်ထောင်စု အဖွဲ့အစည်းတွေ၊ သက်ဆိုင်တဲ့ဌာနတွေက အကောင်အထည်ဖော်ဆောင်ရွက်ရတာဖြစ်လို့ စည်းမျဉ်း စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ နည်းဥပဒေတွေကို ထုတ်ပြန်ကြေညာပြဋ္ဌာန်းရပါတယ်။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၄) ဥပဒေပြုခြင်းအခန်း ပုဒ်မ ၉၅ အရ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တွေက ဥပဒေကြမ်းတင်သွင်းလို့ သဘောညီမျှရင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုတယ်လို့မှတ်ယူပြီး ပုဒ်မခွဲ(ခ)အရ သဘောထားကွဲလွဲရင် ပြည်ထောင်စုလွှတ်တော်မှာ ဆက်လက်ဆွေးနွေးဆုံးဖြတ်ပြီး အတည်ပြုကြရတာ ဖြစ်ပါတယ်။ အဲဒီဥပဒေတွေ ထုတ်ပြန်ဖို့ကတော့ ပုဒ်မ ၁၀၅၊ ၁၀၆ နှင့်အညီ နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်တာဖြစ်ပြီး အဲဒီဥပဒေကို အသက်ဝင်ပြီလို့တော့ ယေဘုယျဆိုနိုင်ပါတယ်။

အဆိုရှင်တင်ပြခဲ့သလို အချို့မူလဥပဒေတွေက ပြည်သူတွေနားလည်လွယ်လို့ နည်းဥပဒေ မလိုသော်လည်း အချို့ဥပဒေတွေကတော့ သက်ဆိုင်တဲ့အာဏာပိုင်အဖွဲ့အစည်းက နည်းဥပဒေရေးဆွဲ ထုတ်ပြန်မှသာ ပိုမိုရှင်းလင်းလွယ်ကူပြီး မူလဥပဒေပါရည်ရွယ်ချက်ကို အထမြောက်အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ဥပမာအနေနဲ့တင်ပြရရင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၅)အနေနဲ့ နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့တဲ့ နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေ ပုဒ်မ ၈ ပုဒ်မခွဲ(င)မှာ အခြားသူ၏ ပုဂ္ဂိုလ်ဆိုင်ရာကိစ္စအလို့ငှာ ဆက်သွယ်ပေးပို့သည့် စာပေးစာယူ၊ စာအိတ်အချောထုတ်၊ ပါဆယ်ထုပ် တစ်ခုခုကို ဖွင့်ဖောက်ခြင်း၊ ရှာဖွေသိမ်းဆည်းခြင်း၊ ဖောက်ဖျက်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်းမပြုရလို့ ပြဋ္ဌာန်းထားသော်လည်း တကယ်လို့လုံခြုံရေးအရစစ်ဆေးလိုရင် သက်ဆိုင်တဲ့အဖွဲ့အစည်းက ဘယ်လိုအဆင့်ရှိတဲ့၊ တာဝန်ရှိတဲ့ပုဂ္ဂိုလ်က ဘယ်လိုသတ်မှတ်ထားတဲ့နည်းလမ်းတွေနဲ့ ပစ္စည်းတွေကို စစ်ဆေးရမယ်ဆိုတာကို သက်ဆိုင်တဲ့ပြည်ထောင်စုအဖွဲ့အစည်းတွေက နည်းဥပဒေမှာ ထည့်သွင်း ပြဋ္ဌာန်းမှသာ အဆင်ပြေနိုင်မှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင်တင်ပြခဲ့သလို ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးဥပဒေတွေမှာလည်း နည်းဥပဒေ မပြဋ္ဌာန်းခဲ့တဲ့အတွက် အခက်အခဲတွေ့ခဲ့တဲ့ ပုဒ်မတွေရှိပါတယ်။ ဥပမာ- ပုဒ်မ ၆ ကြီးကြပ်ရေးမှူးဖွဲ့တဲ့ နေရာမှာ ကျေးရွာအုပ်စုအတွင်းနေထိုင်သူများက ရွေးချယ်ပေးသောလို့ပဲ ပြဋ္ဌာန်းထားပြီးတော့ တချို့ကျေးရွာအုပ်စုတွေမှာ ကျေးရွာခွဲ ၅၀၀ ထက်မနည်းရှိတဲ့အတွက်ကြောင့် တကယ်လို့ နည်းဥပဒေမှာသာ ဘယ်ပုံစံရွေးချယ်ကြမလဲ။ ၅၀၀ ထက်များတဲ့ ကျေးရွာအုပ်စုတွေကို ဘယ်လိုနည်းနဲ့ ရွေးချယ်ရမယ်ဆိုတာ ထည့်သွင်းမှသာ အဆင်ပြေလွယ်ကူမှာဖြစ်ပါတယ်။ ပုဒ်မ ၇ မှာလည်း ကြီးကြပ်ရေးအဖွဲ့ဟာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ အိမ်ထောင်စုစာရင်းများရယူ၍ သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီလို့ ပြဋ္ဌာန်းပါတယ်။ ဒီနေရာမှာ သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီဆိုတဲ့ မူလဥပဒေမှာထည့်ထားတာဟာ နည်းဥပဒေရေးဆွဲနိုင်ဖို့အတွက် ငုတ်အနေနဲ့ထားခဲ့တာ ဖြစ်ပါတယ်။ သို့သော် သက်ဆိုင်တဲ့ပြည်ထောင်စုအဖွဲ့အစည်းက နည်းဥပဒေ ရေးဆွဲဖို့ နောက်ကျတဲ့အတွက် မြေပြင်လက်တွေ့အခြေအနေမှာ ယနေ့ထက်ထိ အငြင်းပွားမှုတွေ ရှိနေပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၇ အရ ပြည်ထောင်စုလွှတ်တော်က ဥပဒေတစ်ရပ်ကိုပြဋ္ဌာန်းလိုက်တဲ့အခါ ပြည်ထောင်စုအဖွဲ့အစည်းတစ်ရပ် က မူလဥပဒေနဲ့သက်ဆိုင်တဲ့နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်တွေ ကို ထုတ်ပြန်ခွင့်ကို အပ်နှင်းထားပါတယ်။ အဲဒီအပ်နှင်းထားတဲ့ဥပဒေအရလည်း အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တွေ၊ မူလဥပဒေပါပြဋ္ဌာန်းချက်တွေနဲ့ ညီညွတ်ရမယ်လို့လည်းဆိုပါတယ်။ ဒါကိုကြည့်ရင် မူလဥပဒေပါ အာဏာသက်ရောက်ဖို့၊ ရည်ရွယ်ချက်တွေအကောင်အထည်ဖော်ဖို့ အလွန်အရေးပါပြီး သက်ဆိုင်တဲ့ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတွေကလည်း တိတိကျကျလိုက်နာဆောင်ရွက်ဖို့လည်း လိုပါတယ်။ သို့သော် သက်ဆိုင်တဲ့ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတွေက တစ်ဆင့်ခံဥပဒေတွေကို

ထုတ်ပြန်ဖို့နှောင့်နှေးနေခြင်းအားဖြင့် တရားဥပဒေစိုးမိုးရေးကိုလည်း တစ်နည်းအားဖြင့် ထိခိုက်လာနိုင်ပါတယ်။ ပြဋ္ဌာန်းပြီးသောဥပဒေတွေကို လက်တွေ့မှာ အကောင်အထည်ဖော်မှုရှိ/မရှိ၊ သက်ဆိုင်တဲ့အဖွဲ့အစည်းတွေက ဆောင်ရွက်/မဆောင်ရွက် ဆက်လက်စောင့်ကြည့်ရမှာ လွှတ်တော်ကိုယ်စားလှယ်အားလုံးရဲ့ အဓိကတာဝန်ပဲဖြစ်ပါတယ်။ ပြဋ္ဌာန်းထားတဲ့ဥပဒေတွေကို လက်တွေ့မှာ ပြည်သူတွေအသုံးဝင်ဖို့ ခက်ခဲနေရင် အဲဒီဥပဒေတွေဟာ ရှင်လျက်နဲ့ သေနေတဲ့ဥပဒေတွေသာဖြစ်ပါလိမ့်မယ်လို့ပြောကြားရင်း ဝေါမဲဆန္ဒနယ်က ဦးတင်ထွေးရဲ့အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ အောင်လံမဲဆန္ဒနယ်မှ ဦးအောင်ထူးမြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ထူးမြင့်(အောင်လံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ အောင်လံမဲဆန္ဒနယ်မှပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထူးမြင့်ဖြစ်ပြီး ဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး တင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင်ကပြည်ထောင်စုလွှတ်တော်မှာပြဋ္ဌာန်းပြီး မူလဥပဒေများကို နိုင်ငံတော်နှင့်နိုင်ငံသားများအကျိုးအတွက်ပြည့်ပြည့်ဝဝကျင့်သုံးအကောင်အထည်ဖော်ဖို့ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများကနည်းဥပဒေများကို အချိန်နှင့်တစ်ပြေးညီ ရေးဆွဲထုတ်ပြန်ကျင့်သုံးရန်အတွက် တိုက်တွန်းတဲ့အဆို ဖြစ်ပါတယ်။ ဒီလိုတိုက်တွန်းရခြင်းဟာ လွှတ်တော်သက်တမ်းကာလနှစ်ကြိမ်မှာ ပြဋ္ဌာန်းပြီးဥပဒေများအနက်ဥပဒေ ၅၀ ကျော် နည်းဥပဒေများမပြဋ္ဌာန်းရသေးကြောင်း၊ နည်းဥပဒေပြဋ္ဌာန်းနိုင်မှုအားနည်းနေလို့တိုက်တွန်းတဲ့အဆိုဖြစ်ပါတယ်။

အဆိုရှင်က ၎င်းဥပဒေများအနက်က ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာပြင်ဆင်တဲ့ နည်းဥပဒေရေးဆွဲနိုင်မှုမရှိတာကို ထည့်သွင်းဆွေးနွေးခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့လည်းရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာဥပဒေကို တတိယအကြိမ်ပြင်ဆင်တဲ့ဥပဒေကိုပြဋ္ဌာန်းပြီး ပြင်ဆင်တဲ့နည်းဥပဒေမပြဋ္ဌာန်းနိုင်ခြင်းနှင့် ၎င်းကြောင့်ဖြစ်ပေါ်လာတဲ့ ဆိုးကျိုးများကိုကျွန်တော်တို့မြို့နယ်ကဖြစ်ရပ်ကို ဖော်ပြပြီးဆွေးနွေးမှာဖြစ်ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ၂၄-၂-၂၀၁၂ ရက်နေ့မှာ စတင်ပြဋ္ဌာန်းခဲ့ပါတယ်။ ပြင်ဆင်တဲ့ဥပဒေများကိုတော့၂၈-၃-၂၀၁၂ ရက်နေ့၊ ၂၀-၁-၂၀၁၆ ရက်နေ့နဲ့ ၂-၁၂-၂၀၁၆ ရက်နေ့တို့မှာ သုံးကြိမ်တိုင်ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါတယ်။

ပထမအကြိမ်မှာ ပုဒ်မခွဲတစ်ခု ဖြည့်စွက်တာဖြစ်ပြီးတော့ ပုဒ်မခွဲ ၂၇ နောက်က ၂၇(က)ခြိမ်းခြောက်ခြင်းဖြင့်လုပ်အား သို့မဟုတ် ဝန်ဆောင်မှုကိုအဓမ္မစေခိုင်းခြင်းအတွက် ငွေဒဏ်၊ထောင်ဒဏ် ဖြည့်စွက်ပြဋ္ဌာန်းတာဖြစ်ပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ ဒုတိယအကြိမ်မှာတော့ ပုဒ်မတစ်ခုအစားထိုးပါတယ်။ အဲဒါက အုပ်ချုပ်ရေးမှူးရဲ့ ရာထူးသက်တမ်းကို ပြည်သူ့လွှတ်တော်သက်တမ်းနှင့်အညီဖြစ်သည်မှ နိုင်ငံတော်သမ္မတ၏ရာထူးသက်တမ်းအတိုင်းဖြစ်သည်ဟု အစားထိုးခြင်း ဖြစ်ပါတယ်။ မူလဥပဒေနဲ့ မူရင်းပြဋ္ဌာန်းချက်များ များစွာပြောင်းလဲသွားတာမရှိပါဘူး။

တတိယအကြိမ် ပြင်ဆင်တဲ့ဥပဒေကတော့ ပုဒ်မခွဲပေါင်းများစွာကို အစားထိုး၊ ဖြည့်စွက်၊ ပယ်ဖျက်ခဲ့ပါတယ်။ အသေးစိတ်ကိုတော့ ကျွန်တော်တို့ကိုယ်တိုင် ပြင်ဆင်ပြဋ္ဌာန်းပေးခဲ့တာဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များအားလုံးသိလို့ ကျွန်တော်မဖော်ပြတော့ပါဘူး။ သို့သော်ငြားလည်းပဲ အနှစ်သာရအားဖြင့် ကြီးကြပ်ရေးအဖွဲ့ဖွဲ့စည်းမှုပိုင်း၊ အုပ်ချုပ်ရေးမှူးအရည်အချင်း သတ်မှတ်ချက်အပိုင်း၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ကျေးရွာတာဝန်ခံအုပ်ချုပ်ရေးမှူး သတ်မှတ်ပြဋ္ဌာန်းချက်နှင့် မဲဆန္ဒပေးခွင့်ရှိသူပြဋ္ဌာန်းချက်များမှာ များစွာပြောင်းလဲသွားပါတယ်။ မူလဥပဒေကို ၂၄-၂-၂၀၁၂ ရက်နေ့မှာ ပြဋ္ဌာန်းပြီးတော့ နည်းဥပဒေကို ၂-၇-၂၀၁၂ ရက်နေ့ ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်တဲ့အတွက် လေးလနှင့် ၁၂ ရက်သာကြာခဲ့ပါတယ်။ တတိယအကြိမ်ပြင်ဆင်တဲ့ဥပဒေကိုတော့ ၂-၁၂-၂၀၁၆ ရက်နေ့မှာပြဋ္ဌာန်းပြီး ၎င်းဥပဒေအရ ရွေးချယ်ပွဲများကျင်းပတဲ့ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအထိ တစ်နှစ်နှင့်လေးလကြာခဲ့သော်လည်း ပြင်ဆင်တဲ့နည်းဥပဒေမထုတ်ပြန်နိုင်ခဲ့ဘဲနဲ့ ရွေးချယ်ပွဲများကို ကျင်းပခဲ့တာ ဖြစ်ပါတယ်။

ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရွေးချယ်ပွဲများကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလကုန်၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလဆန်းမှာ ကျင်းပခဲ့ပါတယ်။ ဒုတိယအကြိမ် လွှတ်တော် အငွေ့မအကြိမ် အစည်းအဝေးက ၂၄-၁၂-၂၀၁၇ ရက်နေ့ကပိတ်လို့ မြို့နယ်ကိုပြန်ရောက်တော့ ကြီးကြပ်ရေးအဖွဲ့များဖွဲ့ပြီးပါပြီ။ ကျွန်တော်တို့မြို့နယ်အတွင်းက ကျေးရွာအုပ်စုတစ်အုပ်စုရဲ့ရွေးချယ်ပွဲမှာ ကြီးကြပ်ရေးအဖွဲ့သည် ၁၀ အိမ်စုဖွဲ့စည်းရာတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ အိမ်ခြေကိုရယူ၍ဟု ဥပဒေရဲ့ပုဒ်မ ၅ မှာ အတိအကျပြဋ္ဌာန်းပြီးတော့ထားသော်လည်းပဲ လက်တွေ့ဆောင်ရွက်ရာမှာ ကြီးကြပ်ရေးအဖွဲ့ဝင်နှစ်ဦးက အုပ်စုပြင်ပအိမ်ထောင်စုစာရင်းကို ထည့်ပြီးတော့ ၁၀ အိမ်စုဖွဲ့စည်းလို့ ကြီးကြပ်ရေးအဖွဲ့အတွင်းသဘောကွဲလွဲပြီး ကြီးကြပ်ရေးအဖွဲ့ဝင်သုံးဦးက ဥပဒေနဲ့မညီလို့ မဆောင်ရွက်နိုင်ဘူးလို့ ဆွေးနွေးပြီးတော့ မြို့နယ်အုပ်ချုပ်ရေးမှူးထံကို စာနဲ့တင်ပြခဲ့ပါတယ်။

မြို့နယ်အုပ်ချုပ်ရေးမှူးက တိုင်ကြားသူ၊ တိုင်ကြားခံရသူများကို စုံညီစစ်ဆေးဆုံးဖြတ်မှုမပြုဘဲ ဥပဒေနဲ့မညီအုပ်စုပြင်ပအိမ်ခြေကို ထည့်သွင်းဖွဲ့စည်းလိုသူ ကြီးကြပ်ရေးမှူးနှစ်မှူးကိုသာ ဥပဒေနဲ့အညီ ဆက်လုပ်လို့ညွှန်ကြားတော့ ကွန့်ကွက်တိုင်ကြားသူ ကြီးကြပ်ရေးအဖွဲ့ဝင်သုံးဦးမပါဘဲ ဆက်လက်ဆောင်ရွက်ပြီး ကျေးရွာအုပ်စုမဲပေးခွင့်ရှိသူ ထက်ဝက်ခန့် ဥပဒေနဲ့မညီလို့ မဲမပေးတဲ့ ရွေးချယ်ပွဲကို အထမြောက်တယ်လို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူးကသတ်မှတ်ပြီး ကြီးကြပ်ရေးအဖွဲ့ဝင်နှစ်ဦးတည်းဆောင်ရွက်တဲ့ ရွေးချယ်ပွဲကတင်မြှောက်သူကို အုပ်ချုပ်ရေးမှူးအဖြစ်၊ ခရိုင်အုပ်ချုပ်ရေးမှူးက တာဝန်ပေးအပ်ခဲ့ပါတယ်။

၎င်းကိစ္စကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူးတို့ကို ကျွန်တော်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ ဥပဒေနဲ့မညီကြောင်း၊ ဥပဒေ၊ နည်းဥပဒေများကို ပြပြီးဆွေးနွေးတော့ မြို့နယ်၊ ခရိုင်အုပ်ချုပ်ရေးမှူးတို့က စီမံခန့်ခွဲရေးနည်းလမ်းအရ ဆင်ခြင်တုံတရားနဲ့ဆုံးဖြတ်တာလို့ဖြေပါတယ်။ ကျွန်တော်ကလည်း ဥပဒေနဲ့မညီလို့ ပြောဆိုဆွေးနွေးတာလို့ ဆွေးနွေးခဲ့ပါတယ်။ မူလတိုင်ကြားသူကာယကံရှင်များကတော့ မကျေနပ်လို့ တိုင်းဒေသကြီးဝန်ကြီးချုပ်ထံကို ဆက်လက်တင်ပြထားပါတယ်။ တိုင်းဒေသကြီးဝန်ကြီးချုပ်နဲ့အစိုးရက ဥပဒေနဲ့အညီဆောင်ရွက်မယ်လို့ စောင့်နေကြပါတယ်။ အဲဒီ

ဖြစ်ရပ်ကိုကြည့်ရင် စီမံခန့်ခွဲရေးနည်းလမ်းအရ ဆင်ခြင်တုံတရားနဲ့ဆောင်ရွက်ရခြင်းဟာ နည်းဥပဒေ မပြဋ္ဌာန်းနိုင်တဲ့အားနည်းချက်ကြောင့် ထင်ရှားနေတဲ့အတွက် အဆိုကိုလေးလေးနက်နက်ထောက်ခံအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်မာမာခိုင်(သထုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ဝေါမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး ရဲ့အဆိုကို ထောက်ခံဆွေးနွေးမယ့် သထုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဥပဒေ(Law)တွေနဲ့တစ်ဆက်တည်း များသောအားဖြင့် တွဲပါလေ့ရှိတာကတော့ Rules(နည်းဥပဒေ)ပါပဲ။ မြန်မာစာဦးစီးဌာနကထုတ်ဝေတဲ့ အင်္ဂလိပ်-မြန်မာအဘိဓာန်မှာ Rules ကို စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ နည်းဥပဒေလို့အဓိပ္ပာယ်ဖွင့်ပါတယ်။ ဥပဒေနဲ့စပ်ဆက်နွှီးနွယ်ပြီး Rules ကိုလိုအပ်သလိုရေးဆွဲကြပါတယ်။ Rules ကလူ့အဖွဲ့အစည်းတစ်ခုအတွင်းမှာရှိတဲ့ လူသားအချင်းချင်း အပြန်အလှန်လေးစားရေးကို လမ်းညွှန်ကြီးကြပ်မှုပေးရာမှာ အသုံးဝင်တဲ့လက်နက်ကိရိယာတစ်ခု ဆိုရင်လည်း မမှားပါဘူး။ တိကျမှန်ကန်တဲ့ Rules တွေကိုကျင့်သုံးခြင်းအားဖြင့် တည်ငြိမ်တဲ့ လူ့ပတ်ဝန်းကျင်ပေါ်ပေါက်ပြီး ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတစ်ခုကို မလွဲမသွေရောက်စေနိုင်ပါတယ်။ ဒါကြောင့်မို့လည်း အဆိုရှင်က ဥပဒေပြုလွှတ်တော်အနေနဲ့ မူရင်းဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်း ရာမှာ တိုင်းပြည်နှင့်ပြည်သူလူထုအကျိုးကိုရှေးရှုပြီး နိုင်ငံတော်ကကျင့်သုံးနေတဲ့ မူဝါဒတွေအပေါ် အခြေပြုရေးဆွဲခြင်းဖြစ်လို့ မူရင်းဥပဒေရဲ့ရည်ရွယ်ချက်အောင်မြင်ဖို့ တစ်ဆင့်ခံဥပဒေဖြစ်တဲ့ နည်းဥပဒေကို အမြန်ဆုံးရေးဆွဲဖို့လိုတယ်လို့ သုံးသပ်ထားတာဆိုရင် မှန်ကန်တဲ့သုံးသပ်မှုတစ်ခု ဖြစ်ပါတယ်။

ဥပဒေတစ်ခုကို ရေးဆွဲပြဋ္ဌာန်းတဲ့နေရာမှာ ဘာကြောင့်ဒီဥပဒေကို ရေးဆွဲပြဋ္ဌာန်းတယ်ဆိုတဲ့ ဥပဒေရဲ့ရည်ရွယ်ချက်က အခန်းတစ်ခုအနေနဲ့ ပါရှိမြဲပါ။ မူရင်းဥပဒေရဲ့ရည်ရွယ်ချက်ကို ပေါက်ရောက် အောင်မြင်စွာအကောင်အထည်ဖော်ဖို့ဆိုရင် ရေးဆွဲသင့်၊ ရေးဆွဲထိုက်တဲ့ နည်းဥပဒေတွေက နောက်ကျ ကျန်ခဲ့လို့မဖြစ်ပါဘူး။ Rules ကပြဋ္ဌာန်းဥပဒေနဲ့ အမိန့်ကိုအခြေပြုပြီး ပြဋ္ဌာန်းခြင်းကြောင့် ယင်းဥပဒေ ကို လူအများပိုမိုအာရုံစိုက်အလေးထားမှာဖြစ်တဲ့အပြင် ဥပဒေကိုအကောင်အထည်ဖော်သုံးစွဲရမယ့် အဖွဲ့အစည်းတွေအတွက်လည်း အကောင်းဆုံးလမ်းညွှန်မှုကိုပေးနိုင်မယ်ဆိုတာ သတိချပ်သင့်ပါတယ်။

ဥပဒေနဲ့နည်းဥပဒေကို ကြိုတင်ပြင်ဆင်ပြီး အချိန်နှင့်တစ်ပြေးညီ ပြုလုပ်နိုင်ခြင်းကြောင့် အားလုံးတလေးတစားလိုက်နာကျင့်သုံးနိုင်ပြီး စည်းစနစ်တကျအောင်မြင်စွာသုံးနေတဲ့ သာဓကတွေ အများကြီးရှိပါတယ်။ ကျွန်မတို့နဲ့အနီးစပ်ဆုံးဖြစ်တဲ့ လွှတ်တော်ကြီးတွေမှာ လက်ရှိကျင့်သုံးနေတဲ့ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေတွေက သာဓကပါပဲရှင့်။ ဒါကြောင့် မူရင်းဥပဒေတွေ အာဏာ တည်ဖို့ နည်းဥပဒေမှာတည်မှီနေတာကြောင့် အဆိုရှင်ဆွေးနွေးသလို ပြည်ထောင်စုအဆင့်အဖွဲ့အစည်း တွေက တစ်ဆင့်ခံဥပဒေဖြစ်တဲ့နည်းဥပဒေကို အမြန်ရေးဆွဲပြဋ္ဌာန်းဖို့ မလွဲမသွေလိုအပ်ပါတယ်။

ဒါကလည်း အရမ်းကြီးခက်ခဲတဲ့ အလုပ်တစ်ခုမဟုတ်ပါဘူး။ ရေးဆွဲခဲ့တဲ့ဥပဒေရဲ့အနှစ်သာရ၊ ရည်ရွယ်ချက်၊ တာဝန်နဲ့လုပ်ပိုင်ခွင့်တွေကို စတဲ့အခန်းကဏ္ဍတွေနဲ့ပတ်သက်လာမယ့် နည်းဥပဒေဆိုင်ရာအပိုင်းတွေကို မူလကတည်းက မူလဥပဒေရေးဆွဲတင်သွင်းတဲ့အစိုးရဌာနအနေနဲ့ ကြိုတင်ပြင်ဆင်ထားနိုင်သလို ပြည်ထောင်စုလွှတ်တော်သို့ မူလဥပဒေပေးပို့ပြီးတာနဲ့လည်း စတင်ပြင်ဆင်နိုင်ပါတယ်။ ဒီလိုရေးဆွဲတဲ့အခါမှာ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက မိမိတို့စီမံခန့်ခွဲတဲ့ဥပဒေတစ်ရပ်ရပ်အရထုတ်ပြန်မယ့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ပြင်ဆင်တဲ့နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းတွေကို သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့သွားရမှာဖြစ်ပါတယ်။ ဒီအခါမှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးကလည်း ပြည်ထောင်စုရှေ့နေချုပ်နည်းဥပဒေအခန်း(၃) ပုဒ်မ ၂၇ ၊ ၂၈ ၊ ၂၉၊ ၃၀ တို့နှင့်အညီ ဆောင်ရွက်ပေးမှာဖြစ်လို့ အရမ်းခက်ခဲတဲ့ Process တစ်ခုတော့ မဟုတ်ပါဘူး။

အဆိုရှင်ဆွေးနွေးသလိုပါပဲ။ ပထမအကြိမ် လွှတ်တော်သက်တမ်းမှ ဒုတိယအကြိမ် လွှတ်တော်သက်တမ်း ယခုအထိ မူရင်းဥပဒေ ၅၀ ကျော်အတွက် နည်းဥပဒေတွေ ရေးဆွဲပြဋ္ဌာန်းရခြင်းမရှိသေးတာဟာ အားနည်းချက်တစ်ခုဖြစ်နေပါတယ်။ ပြည်သူတွေကို ဒီမိုကရေစီအခွင့်အရေး အပြည့်အဝရဖို့အတွက် ဥပဒေတွေကိုရေးဆွဲခဲ့တဲ့အခါမှာ ဒီဥပဒေတွေမှာ နည်းဥပဒေအသစ်မပြဋ္ဌာန်းနိုင်သေးတာကြောင့် ပြည်သူတွေက ပေးကားပေး၍မရ ဖြစ်နေပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဥပမာတစ်ခုနဲ့ နိဂုံးချုပ်ပါရစေ။ လှပသေသပ်တဲ့ဝတ်စုံတစ်ခုကို ချုပ်ဖို့အတွက် ချွန်မြတဲ့အပ်တစ်ချောင်းကတော့ လက်ထဲမှာဆုပ်ကိုင်ထားမိပါပြီ။ ဒါကဥပဒေပါ။ ဒါပေမဲ့ ဒီအဝတ်စ တွေကို ချိတ်ဆက်တွဲချည်မယ့် နည်းဥပဒေ အပ်ချည်ကမရှိတော့ ဘယ်လိုပင်အပ်က ထိုးဖောက် လိုပါစေ။ အလုပ်မဖြစ်ပါဘူး။ အပ်နဲ့အပ်ချည်ကိုတွဲဖက်အသုံးပြုတွယ်ယှက်မှသာ ခိုင်ခန့်အသုံးဝင်တဲ့ ဝတ်စုံတစ်စုံဖြစ်လာနိုင်မှာမို့ ဒီဥပမာအတိုင်း ပြည်သူတွေအတွက် အကျိုးပြုဥပဒေကို နည်းဥပဒေနဲ့ အမြန်ဆုံးတွယ်ယှက်အသုံးပြုနိုင်ရေးအတွက် ဦးတင်ထွေးရဲ့အဆိုကို ကျွန်မအနေနဲ့အလေးအနက် ထောက်ခံရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာမြင့်သိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမြင့်သိန်း(ညောင်လေးပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဝေါမဲဆန္ဒနယ်က ဦးတင်ထွေးတင်သွင်းတဲ့ နည်းဥပဒေပြဋ္ဌာန်းရေးနဲ့စပ်လျဉ်းတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာပဲဖြစ်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ၂၀၁၅ ခုနှစ်၊ ရွေးကောက်ပွဲကြေညာစာတမ်းမှ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လွတ်လပ်မှု၊ လုံခြုံမှုရှိစေရန် ပြည်သူလူထုအား တရားမျှတစွာကာကွယ်ပေးနိုင်မယ့် အုပ်ချုပ်မှုစနစ်တစ်ရပ်ပေါ်ပေါက်ရန် လုပ်ဆောင်တဲ့အချက်များထဲမှာ ပြည်သူလူထုအကျိုးကိုရှေးရှုတဲ့ဥပဒေများကို လိုအပ်သလိုပြင်ဆင်ပြဋ္ဌာန်းရေးနှင့် ပြည်သူလူထုရသင့်ရထိုက်တဲ့လွတ်လပ်မှုနဲ့လုံခြုံမှုကို ထိပါးစေတဲ့ဥပဒေများကို

ဖျက်သိမ်းရေးများကို ဖော်ပြပါရှိပါတယ်။ ဒီဖော်ပြချက်များနှင့်အညီပဲ ဥပဒေပြုရေးအာဏာကို ရယူထားတဲ့လွှတ်တော်များကနေပြီးတော့ ခေတ်စနစ်နဲ့အညီလိုအပ်တဲ့ ပြည်သူတို့အတွက် အကျိုးစီးပွားကိုဖော်ဆောင်တဲ့ဥပဒေများကိုပြဋ္ဌာန်းခြင်း၊ ခေတ်စနစ်နဲ့မညီညွတ်တော့တဲ့၊ ပြည်သူများကို ဖိနှိပ်ခြယ်လှယ်တဲ့၊ ပြည်သူများအကျိုးစီးပွားမဖြစ်ထွန်းစေတဲ့ ဥပဒေတွေကိုပယ်ဖျက်ခြင်း၊ သင့်တော်လိုအပ်တဲ့ ဥပဒေများနဲ့အစားထိုးပြဋ္ဌာန်းခြင်းစသည်များကို ဆောင်ရွက်လျက်ရှိနေကြပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလိုပြဋ္ဌာန်းထားတဲ့ဥပဒေများထဲကပဲ အချို့သောဥပဒေများရဲ့ရည်ရွယ်ချက်များကို အကောင်အထည်ဖော်အောင်မြင်ဖို့အတွက် လက်တွေ့ကျင့်သုံးဆောင်ရွက်နိုင်ရန် နည်းဥပဒေများကို သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက ရေးဆွဲကြရပါတယ်။ ဒီလိုရေးဆွဲနိုင်ရေးအတွက်လည်း ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၄) ဥပဒေပြုရေးအခန်းမှာ ပုဒ်မ ၉၇ နှင့် ပြဋ္ဌာန်းပါရှိပါတယ်။ အခုလိုပြဋ္ဌာန်းထားတာနှင့်အညီပဲ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်တဲ့ ဝန်ကြီးဌာနတွေကနေပြီးတော့ လိုအပ်တဲ့၊ သက်ဆိုင်တဲ့ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကိုလည်း ထုတ်ပြန်ကြတာကို ကျွန်တော်တို့သိရှိပြီးဖြစ်ပါတယ်။ လေ့လာတွေ့ရှိချက်အရ ၁-၄-၂၀၁၆ ခုနှစ် အစိုးရသစ်တာဝန်ယူတဲ့နေ့ကစပြီးတော့ နည်းဥပဒေပေါင်း ၇၄ ခု၊ စည်းမျဉ်း ၁၆ ခု၊ စည်းကမ်း ၄ ခုနဲ့ လုပ်ထုံးလုပ်နည်း ၅၁ ခုကို ထုတ်ပြန်ပြီးဖြစ်ကြောင်းလည်း သိရှိရပါတယ်။ သို့သော်လည်းပဲ နည်းဥပဒေရေးဆွဲဖို့ လိုအပ်နေတဲ့ဥပဒေပေါင်း ၅၀ ကျော်ခန့်ရှိကြောင်းနှင့် မူရင်းဥပဒေနှင့် နည်းဥပဒေကိုက်ညီမှု Inline မဖြစ်တဲ့နည်းဥပဒေများလည်းရှိနေသေးကြောင်းကို လေ့လာတွေ့ရှိရပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလိုလွှတ်တော်ကပြဋ္ဌာန်းလိုက်တဲ့ဥပဒေများနဲ့ညီညွတ်မှုရှိတဲ့နည်းဥပဒေများကို မူရင်းဥပဒေများ သက်ဝင်လှုပ်ရှားနိုင်အောင်အချိန်ကိုက်ရေးဆွဲရာမှာ ကြန့်ကြာခြင်း၊ ပြင်ဆင်ပြဋ္ဌာန်းပြီးတဲ့မူရင်းဥပဒေနဲ့ကိုက်ညီမှုဖြစ်အောင် နည်းဥပဒေများကို ပြင်ဆင်ရေးဆွဲရာမှာ နှောင့်နှေးကြန့်ကြာခြင်းတို့ရဲ့အကြောင်းတရားအချို့အား သက်ဆိုင်ရာဝန်ကြီးဌာနတွေမှာ ဥပဒေရေးဆွဲရေးကျွမ်းကျင်သူများ မလုံလောက်ဘူး။ ဘဏ္ဍာငွေအခက်အခဲများရှိတယ်ဆိုတဲ့အချက်များကိုလည်း ကျွန်တော်တို့အနေနဲ့လေ့လာတွေ့ရှိရပါတယ်။ ဒီအကြောင်းတရားများကို ပြင်ဆင်ဖြည့်ဆည်းပေးနိုင်ဖို့ကိုလည်း ကျွန်တော့်အနေနဲ့ အကြံပြုဆွေးနွေးလိုပါတယ်။

လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြင်ဆင်ထားတဲ့မူရင်းဥပဒေနဲ့အချိန်နှင့်တစ်ပြေးညီနည်းဥပဒေနဲ့ မပြဋ္ဌာန်းခဲ့တဲ့အတွက်ကြောင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးရွေးကောက်ပွဲတွေမှာ အငြင်းပွားမှုတွေ၊ ရှုပ်ထွေးမှုပြဿနာတွေ ဖြစ်ခဲ့တဲ့အကြောင်းကိစ္စများကိုကျွန်တော့်ရှေ့ကကိုယ်စားလှယ်တော်များကလည်း သာဓကများအနေနဲ့ တင်ပြပြီးဖြစ်ပါတယ်။ အလားတူစွာပဲ မူရင်းဥပဒေနဲ့နည်းဥပဒေ Inline မဖြစ်တဲ့အတွက် လယ်ယာမြေဥပဒေနဲ့နည်းဥပဒေများမှာလည်းပဲ ကိုက်ညီမှုမရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့ကျေးလက်များမှာ လယ်ယာမြေပိုင်ခွင့်ပုံစံ(၇)နှင့်စပ်လျဉ်းတဲ့ကိစ္စရပ်တွေမှာလည်းပဲ အငြင်းပွားမှုတွေဖြစ်နေတယ်။ မသမာမှုများ၊ အဂတိလိုက်စားမှုများဖြစ်ပေါ်နေတာကိုလည်း ကျွန်တော်တို့က တွေ့မြင်ကြားသိနေကြရပါတယ်။

သို့ဖြစ်ပါ၍ ဝေါမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးတင်သွင်းတဲ့ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတမှ လက်မှတ်ရေးထိုးထုတ်ပြန်ပြီးတဲ့ဥပဒေများကို နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့အကျိုးအတွက် အကောင်အထည်ဖော်ကျင့်သုံးကြရမယ့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက နည်းဥပဒေများကို အချိန်နှင့်တစ်ပြေးညီ ရေးဆွဲထုတ်ပြန်ကျင့်သုံးပေးပါရန် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသို့တိုက်တွန်းကြောင်းအဆိုကို လေးနက်စွာထောက်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်က ဆွေးနွေးရန်ဖြစ်ပါတယ်။

**ဒေါ်ခင်နှင်းသစ်(ပန်းတောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်ဖြစ်ပါတယ်။ ၁၅-၅-၂၀၁၈ ရက်နေ့က ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး တင်သွင်းသွားတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်မရဲ့ဆွေးနွေးချက်မှာ အဆိုရဲ့အဓိကအပိုင်းဖြစ်တဲ့ နည်းဥပဒေနဲ့ပတ်သက်တဲ့ အကြောင်းအရာများကိုရှင်းလင်းပြီး အဲဒီနောက် ကျွန်မဒီအဆိုကို ဘာကြောင့်ထောက်ခံဆွေးနွေးရသလဲဆိုတဲ့အကြောင်းအရာများပါဝင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ နည်းဥပဒေဆိုတာကတော့ တစ်ဆင့်ခံဥပဒေအမျိုးအစားဖြစ်ပါတယ်။ ဥပဒေသို့မဟုတ် အက်ဥပဒေက အာဏာအပ်နှင်းတဲ့အခါ နည်းဥပဒေကို ပြဋ္ဌာန်းနိုင်တာဖြစ်ပါတယ်။ များသောအားဖြင့် အုပ်ချုပ်ရေးအာဏာပိုင်တွေကို နည်းဥပဒေပြုနိုင်တဲ့အာဏာ အပ်နှင်းလေ့ရှိပါတယ်။ နည်းဥပဒေဆိုတာ အက်ဥပဒေပါရည်ရွယ်ချက်တွေကို အကောင်အထည်ဖော်တဲ့နည်းလမ်းတွေသာဖြစ်ပါတယ်။ လွယ်လွယ်ရှင်းရှင်းတင်ပြရရင်တော့ ဥပဒေဆိုတာ မူသဘောဖြစ်ပြီး နည်းဥပဒေဆိုတာ ယင်းမူသဘောကို လက်တွေ့အကောင်အထည်ဖော်ရာမှာ မည်သို့မည်ပုံလိုက်နာကျင့်သုံးရမည်ကို တိကျရှင်းလင်းစွာရေးဆွဲထားတဲ့နည်းလမ်းလို့ ဆိုနိုင်ပါတယ်။ ဒါကြောင့် ဥပဒေဟူသည့် အဓိကမူသဘောကိုပြဋ္ဌာန်းပြီး ယင်းမူသဘောများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ အသေးစိတ်အချက်အလက်များကို နည်းဥပဒေများထုတ်ပြန်၍ သတ်မှတ်ပေးရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ အုပ်ချုပ်ရေးအဖွဲ့များက ကိုင်တွယ်ကျင့်သုံးရမယ့်ဥပဒေများကို ဥပဒေပြုလွှတ်တော်က ပြဋ္ဌာန်းပေးသလို ယင်းဥပဒေများအရ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သောနည်းဥပဒေ၊ ဆောင်ရွက်ခွင့်အာဏာကိုတော့ ယင်းအာဏာပိုင်အဖွဲ့အစည်းများကို ပေးထားတဲ့အတွက် တစ်ဆင့်ခံဥပဒေပြုခွင့်အာဏာပေးထားတယ်လို့ ဆိုနိုင်ပါတယ်။ ချွင်းချက်အနေနဲ့တော့ တချို့ဥပဒေများမှာ နည်းဥပဒေထုတ်ပြန်ရန်မလိုဘဲ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပေမဲ့ ကျန်ဥပဒေများအတွက်တော့ နည်းဥပဒေများကို မလွဲမသွေရေးဆွဲရမှာဖြစ်ပါတယ်။ နည်းဥပဒေများကို မရေးဆွဲဘဲ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များထုတ်၍ အုပ်ချုပ်လျှင် ဥပဒေအရ အုပ်ချုပ်ခြင်းမျိုးမဟုတ်ဘဲ အမိန့်၊ ညွှန်ကြားချက်အဖြစ် အုပ်ချုပ်ခြင်းမျိုးဖြစ်သွားတတ်တာကြောင့် ကောင်းမွန်သောအုပ်ချုပ်ရေးကို ညစ်နွမ်းထိခိုက်စေမှာဖြစ်ပါတယ်။ ကျင့်သုံးနေတဲ့နိုင်ငံရေးစနစ်နဲ့လည်း ကိုက်ညီမှုမရှိဘူးလို့ဆိုနိုင်ပါတယ်။ ဒီအချက်ဟာအလွန်အရေးကြီးတဲ့အချက်ဖြစ်ပါတယ်။ စနစ်နဲ့လိုက်လျောညီထွေရှိဖို့ လိုအပ်သလို စနစ်နဲ့အောင်မြင်ဖို့အတွက် အုပ်ချုပ်မှုအပိုင်းမှာ ဟာကွက်၊ ပျော့ကွက်၊

အားနည်းချက်မရှိအောင် လိုအပ်တာတွေကိုပြင်ဆင်ရမှာ သက်ဆိုင်ရာအစိုးရအဖွဲ့ရဲ့တာဝန်များသာ ဖြစ်ပါတယ်။ တိုင်းပြည်ရဲ့လိုအပ်ချက်အရလည်း ဖြစ်သလိုဆောင်ရွက်ရမယ့်အချိန်လည်းမဟုတ်တော့ ပါဘူး။ ဒါ့အပြင် လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်တို့ဟာ နည်းဥပဒေကဲ့သို့အားမကောင်းပါ ဘူး။ ဘာကြောင့်လည်းဆိုတော့ နည်းဥပဒေဆိုတာ သက်ဆိုင်ရာဥပဒေပြုလွှတ်တော်က စိစစ်ပြီးဖြစ် တယ်။ ပြဋ္ဌာန်းဥပဒေနဲ့ညီညွတ်တယ်။ အလွယ်တကူပြင်ဆင်လို့မရဘူး။ ပြင်ရင်လည်း ဥပဒေပြု လွှတ်တော်ကို တင်ပြရမှာဖြစ်ပါတယ်။ ဥပဒေအပေါ်မှာ ချဉ်းကပ်ပုံ၊ သုံးသပ်ပုံ၊ ဆုံးဖြတ်ချက်များမှာ အငြင်းပွားစရာမရှိစေရန်အတွက် ဥပဒေ၊ နည်းဥပဒေအရ အုပ်ချုပ်မှသာလျှင် အုပ်ချုပ်သူအလိုကျ မဖြစ်နိုင်တော့ဘဲ ဥပဒေအရ အုပ်ချုပ်ခြင်းကို ရရှိမှာဖြစ်ပါတယ်။ ပြည်သူတွေကလည်း ဥပဒေနဲ့အညီ အုပ်ချုပ်နေတယ်ဆိုတာ ပွင့်လင်းမြင်သာရှိနိုင်သလို တာဝန်ယူရတဲ့အစိုးရတစ်ရပ်အနေနဲ့လည်း အကောင်အထည်ဖော်ရာမှာ ထိထိရောက်ရောက်မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန်နဲ့အားကောင်း မောင်းသန်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဒီမိုကရေစီစနစ်ဆိုတာ ဥပဒေအရအုပ်ချုပ်တဲ့စနစ်ဖြစ်ပါတယ်။ ဒါကြောင့် မူရင်း ဥပဒေက နည်းဥပဒေလိုနေပါလျက် ပြဋ္ဌာန်းကျင့်သုံးမှုမရှိဘူးဆိုရင် ဥပဒေကအသက်မဝင်ဘူး။ သေနေသလိုဖြစ်နေလို့ အစိုးရရဲ့ဆောင်ရွက်ချက်တွေဟာ နေးကွေးသလိုဖြစ်နေပါလိမ့်မယ်။ နောက်ဆက်တွဲဆိုးကျိုးက အစိုးရရဲ့ဆောင်ရွက်ချက်တွေဟာ ထိရောက်မှုအားနည်းပြီး နှေးကွေးတဲ့ ဖြစ်စဉ်တစ်ခုကို ဆိုက်ရောက်သွားစေပါတယ်။ ဒီတော့တိုင်းပြည်မှာ မြင်သာတဲ့အရွေ့ကို သိသိသာသာ မတွေ့နိုင်သလို ကောင်းတဲ့ဘက်ဆီကို မရွေ့သလိုဖြစ်သွားနိုင်ပါတယ်။ ဥပမာအနေနဲ့တင်ပြရရင် ၂၀၀၅ ခုနှစ်မှာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပေမဲ့ ၁၃ နှစ်ကြာတဲ့ ယနေ့ အချိန်အထိ နည်းဥပဒေမထွက်သေးပါဘူး။ ပြဋ္ဌာန်းချိန်နဲ့ယနေ့အချိန်ကို နှိုင်းယှဉ်မယ်ဆိုရင်တောင် တိုင်းပြည်ရဲ့နိုင်ငံရေးစနစ်၊ အစိုးရ၊ မူဝါဒ၊ တိုင်းပြည်ရဲ့အခြေအနေတွေအားလုံး မတူတော့ပါဘူး။ ဒီတော့ နည်းဥပဒေကိုမပြဋ္ဌာန်းဘဲ ကျင့်သုံးနေခြင်းဟာ မူလဥပဒေကပြဋ္ဌာန်းစဉ်ကအတိုင်း ရည်ရွယ် ချက်ကိုထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သလားဆိုတာ ယနေ့ဖြစ်ပွားနေမှုအခြေအနေနဲ့ နှိုင်းယှဉ်ရင်သိရှိနိုင်မှာဖြစ်ပါတယ်။ ယခုဆိုရင်လူကုန်ကူးမှုဟာ ပြည်တွင်းရော၊ ပြည်ပမှာပါ ပူးပေါင်း ပြီး ဆောင်ရွက်နေရတဲ့ပြဿနာတွေထဲကတစ်ခုဖြစ်နေပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးရှင်။ ယနေ့အချိန်ဟာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်အောင် အရောက်လှမ်းနေ ချိန်ဖြစ်ပါတယ်။ တိုင်းပြည်မှာကောင်းသောအုပ်ချုပ်ရေးဆီကို ကြိုးပမ်းဆောင်ရွက်နေချိန်ဖြစ်လို့ လိုအပ်တဲ့ဥပဒေ၊ နည်းဥပဒေများကို ပြည့်ပြည့်ဝဝကျင့်သုံးနိုင်မှသာလျှင် ထိထိရောက်ရောက်နဲ့ အောင်မြင်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် တိုင်းပြည်အတွက် ကောင်းသောပြောင်းလဲခြင်းဆိုတဲ့ အရွေ့ ကြီးကို အရှိန်အဟုန်နဲ့ဆောင်ရွက်နိုင်ဖို့ ကျင့်သုံးနေတဲ့နိုင်ငံရေးစနစ်အောင်မြင်ဖို့ ယခုအဆိုကို ထောက်ခံဆွေးနွေးရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မြန်အောင်မဲဆန္ဒနယ်မှ ဦးခင်မောင်လတ် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်လတ်(မြန်အောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မြန်အောင် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ် ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး တင်သွင်းတဲ့အဆိုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာဟာ ပြည်သူတို့က အပ်နှင်းထားတဲ့ နိုင်ငံတော်စနစ် ပုံသဏ္ဍာန်မူဘောင်ဖြစ်ပါတယ်။ ဖွဲ့စည်းပုံဥပဒေအရ ဥပဒေပြုရေးအာဏာကို လွှတ်တော်သုံးရပ်ကို အပ်နှင်းထားပါတယ်။ ဖွဲ့စည်းပုံအခန်း(၄) ဥပဒေပြုရေးအခန်း ပုဒ်မ ၁၂၅ အရ လွှတ်တော်ကိုယ်စား လှယ်များဟာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပါ့မယ်လို့ ကတိသစ္စာကျိန်ဆိုထားရသူများဖြစ်ကြပါတယ်။ လွှတ်တော်များက ပြုတဲ့ဥပဒေဆိုတာ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို နာခံရတဲ့ဥပဒေများသာဖြစ်ပါတယ်။ လွှတ်တော်များက ပြုကြရတဲ့ဥပဒေများမှာ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးစတဲ့ နိုင်ငံတော်စနစ်စံနှုန်းများနှင့်အညီ ရေးဆွဲရခြင်းဖြစ်ပါတယ်။ ဒီလိုရေးဆွဲ အတည်ပြုလိုက်တဲ့ဥပဒေများဟာ ပြည်သူတွေထံကို ပြန်သွားကြရတာဖြစ်ပါတယ်။ ပြည်သူတွေက ပြန်လည်လက်ခံကျင့်သုံးကြရတာဖြစ်ပါတယ်။ ဒါဟာ ရိုးရှင်းတဲ့ဥပဒေစက်ဝန်းတစ်ခုဖြစ်ပါတယ်။ လွှတ်တော်က ပြဋ္ဌာန်းတဲ့ မူလဥပဒေတွေဟာ အမြဲတမ်းအနုစိတ်ရေးဆွဲခဲ့ကြတာမဟုတ်ဘဲ တချို့ဥပဒေ တွေက ကျယ်ပြန့်ပြီး ဥပဒေရဲ့ရည်ရွယ်ချက်ကို ခြုံယူချည်နှောင်မှုသဘောကို အလေးပေးရေးဆွဲခဲ့ကြ တာဖြစ်ပါတယ်။ ပကတိပြည်သူ့နယ်ပယ်အတွင်း၊ ဒေသပထဝီနယ်ပယ်အတွင်း၊ လူမှုဝန်းကျင်အတွင်း ဥပဒေများနှင့်ဆက်စပ်သက်ရောက်မှုရှိဖို့ ဥပဒေရည်ရွယ်ချက် (Sprit of Law)အတိုင်း တိတိကျကျ ထိရောက်ပြီး လွဲချော်မသွားဖို့ ဥပဒေရဲ့ဘေးထွက်ဆိုးကျိုးထိန်းချုပ်နိုင်ဖို့၊ ပုံဖော်စည်းနှောင်နိုင်ဖို့၊ ဥပဒေတစ်ရပ်အားဖြည့်ဖို့ လိုအပ်ပါတယ်။ ဒါကတော့ တစ်ဆင့်ခံဥပဒေဖြစ်တဲ့ နည်းဥပဒေများဖြစ်ပါ တယ်။ မူလဥပဒေရဲ့အကောက်အယူ၊ အဓိပ္ပာယ်၊ လုပ်နည်းလုပ်ဟန်၊ ပုံဖော်စွမ်းအား ပိုမိုတိကျပြီး ဥပဒေကို လိုက်နာရသူများ၊ ဥပဒေကို အသုံးချကျင့်သုံးဆောင်ရွက်သူများ၊ ဥပဒေစူးရောက်မှုကို နည်းမှန်စွာကျင့်သုံးအားထုတ်နိုင်မှုဟာ နည်းဥပဒေများအပေါ်မူတည်နေပါတယ်။ ဒါဟာ မရှိမဖြစ် နိယာမလိုအပ်ချက်ဖြစ်ပါတယ်။

ဥပမာ - ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးဥပဒေကို ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁)နှင့် ပြဋ္ဌာန်းခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်အမှတ်(၇)အရ ပထမအကြိမ်ပြင်ဆင်ပြီး ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့မှာ ဒုတိယအကြိမ် ပြင်ဆင်ပါတယ်။ တတိယအကြိမ်ကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်မှာ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၄၁)အရ ပြင်ဆင်ခဲ့ပါတယ်။ ဒီဥပဒေနဲ့ပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာန က ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၆ ရက်မှာ နည်းဥပဒေထုတ်ပြန်ခဲ့ပါတယ်။ ၎င်းနည်းဥပဒေကို ပြင်ဆင်တဲ့ဥပဒေကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်မှာ ပြန်ပြင်ဆင်ခဲ့ပါတယ်။ တတိယအကြိမ် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက် ဥပဒေပြင်ဆင်ပြီး ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး များ ပြန်လည်ရွေးကောက်တဲ့ ၂၀၁၈ ခုနှစ် မတ်အထိ ပြင်ဆင်တဲ့ဥပဒေနှင့်အညီ နည်းဥပဒေရေးဆွဲ နိုင်ခဲ့ခြင်းမရှိပါဘူး။ ကျွန်တော်တို့ ဖွဲ့စည်းပုံအရ ပြည်သူများက တိုက်ရိုက်ရွေးချယ်တင်မြှောက်ခွင့်

ဒီမိုကရေစီစနစ်ရဲ့အခြေခံဆောင်ရွက် ပိုင်ခွင့်နှစ်မျိုးရရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ ရွေးပိုင်ခွင့်နှင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများကို တိုက်ရိုက်ရွေးကောက်တင်မြှောက်ခြင်းပါ။ ဒီအချက်ဟာ အလွန်အရေးကြီးတဲ့ တိုင်းပြည်ရဲ့အနာဂတ်ပါ။ ရွေးချယ်မှုဖြစ်စဉ်အတွေ့အကြုံများအရ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး ဥပဒေ ပုဒ်မ ၆ ယခင်က ကြီးကြပ်ရေးအဖွဲ့ငါးဦးကို မြို့နယ်အုပ်ချုပ်ရေးမှူးက ရွေးချယ်ရမှာဖြစ်ပေမဲ့ ပြင်ဆင်တဲ့ဥပဒေအရ ကျေးရွာအုပ်အုပ်စုနေထိုင်သူ အသက်(၁၈)နှစ်ပြည့်ပြီး အိမ်ထောင်စုဝင်တစ်ဦးနှုန်းဖြင့် အများဆန္ဒနှင့်အညီ ရွေးချယ်မှုကို ဆောင်ရွက်ပုံအဆင့်ဆင့် နည်းဥပဒေများ၊ တတိယအကြိမ် ပြင်ဆင်ထားတဲ့ဥပဒေအရ ကျေးရွာတာဝန်ခံ ရာအိမ်မှူးတို့ရဲ့ ပါဝင်ဆောင်ရွက်ပုံအဆင့်နဲ့ လုပ်ပိုင်ခွင့်နည်းဥပဒေများ၊ တတိယအကြိမ် ပြင်ဆင်ထားတဲ့ဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ(င)အရ အမှန်တကယ်နေထိုင် မည့်သူဖြစ်ခြင်းစကားရပ်နှင့်ပတ်သက်တဲ့ ဖွင့်ဆိုတဲ့ နည်းဥပဒေများ၊ အိမ်ထောင်စုစာရင်း(၆၆/၆)အရ ပြုလုပ်မှုဟာ ရွေးချယ်ပွဲအချိန်နှင့် အနီးအဝေး ဆောင်ရွက်မှုနည်းဥပဒေများ၊ ပုဒ်မ ၁၃ ပုဒ်မခွဲ(ဃ) တရားဥပဒေစိုးမိုးမှု၊ မှုခင်းကျဆင်းရေးနှင့် လုပ်ခြုံရေးတို့အတွက် စစ်ဆေးရန်လိုအပ်တဲ့ နေအိမ်ဥပစာနေရာများကို လုံလောက်သောအကြောင်းပြချက်နှင့်အဖွဲ့ဖြင့် စနစ်တကျဝင်ရောက်စစ်ဆေးခြင်း၊ နည်းဥပဒေများ၊ ပုဒ်မ ၇ ပုဒ်မခွဲ(င) အရ အုပ်ချုပ်ရေးမှူးကို အုပ်စုအတွင်းရှိ အိမ်ထောင်စုကိုယ်စားလှယ်များ၊ လျှို့ဝှက်မဲပေးရွေးချယ်ရာမှာ အုပ်စုအတွင်းအိမ်ထောင်စုကိုယ်စားလှယ်များ ၅၀၀၊ ၁၀၀၀ အထက်အုပ်စုများမှာ မဲပေးနိုင်သည့် နေရာခွဲများထားရှိမှု၊ တစ်ချိန်တည်း၊ တစ်ပြိုင်တည်းမဲပေးမှု သို့မဟုတ် မည်သို့စီစဉ်ဆောင်ရွက်ပုံ နည်းဥပဒေများ ဒီလိုနည်းဥပဒေများဟာ ပြင်ဆင်ထားတဲ့ဥပဒေနှင့်အညီ ရေးဆွဲပြဋ္ဌာန်းရန်လိုအပ်ပါတယ်။ သို့မှသာ ရွေးချယ်ရေးလုပ်ငန်းစဉ် တည်ငြိမ်စွာ ထိထိရောက်ရောက်ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။ တစ်နည်းဆိုရလျှင် မဟာဗျူဟာ၊ နည်းဗျူဟာ ဖော်ဆောင်နိုင်ခြင်းဖြင့် ရလဒ်ကောင်းများ ရရှိပါကြောင်းနှင့် မူရင်းဥပဒေနှင့် ပြည်သူအကြား ချောမွေ့စွာဆက်စပ်ဆောင်ရွက်နိုင်ဖို့ တစ်ဆင့်ခံဥပဒေဖြစ်တဲ့နည်းဥပဒေများ အမှန်တကယ်အချိန်နှင့်တစ်ပြေးညီ ရေးဆွဲထုတ်ပြန်ရန် လိုအပ်ပါကြောင်း တိုက်တွန်းဆွေးနွေးအပ်ပါတယ်။ သို့ပါ၍ ဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးရဲ့အဆိုအား လေးလေးနက်နက်ထောက်ခံအပ်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ခင်(ပြင်ဦးလွင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ ပြင်ဦးလွင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ခင် ဖြစ်ပါတယ်။ ဥပဒေနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ရဲ့ ဒုတိယဥက္ကဋ္ဌ(၁) တာဝန်ကိုလည်း ထမ်းရွက်နေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဝေါမဲဆန္ဒနယ်က ဦးတင်ထွေးရဲ့အဆိုကို ကျွန်တော်က ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုမှာပါတဲ့ တစ်ဆင့်ခံဥပဒေဆိုတာဘာလဲ။ တစ်ဆင့်ခံဥပဒေပြုခြင်းမှာ ဥပဒေပြုအာဏာပိုင်က ဥပဒေပြုသည့်ဥပဒေကို အကောင်အထည်ဖော်ရာမှာ လိုအပ်သောနည်းဥပဒေ(Rule)၊ စည်းကမ်းဥပဒေများ(Regulation)၊ စည်းကမ်းများ (By Law)၊ အမိန့်ကြော်ငြာစာများ(Notification)၊ အမိန့်(Order)၊ ညွှန်ကြားချက်

(Directive)နှင့် လုပ်ထုံးလုပ်နည်းများ (Procedure) တို့ကို ထုတ်ပြန်ရန် ဥပဒေပြုအာဏာပိုင်က ပြဋ္ဌာန်းသည့်ဥပဒေတွင် အခွင့်အာဏာအပ်နှင်းခြင်းခံရသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ထုတ်ပြန်ခြင်းဖြစ်ပါတယ်။ တစ်ဆင့်ခံဥပဒေများ ထုတ်ပြန်ပိုင်ခွင့်ကတော့ အစောပိုင်းက ဆွေးနွေးသွားပြီးဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပုဒ်မ ၉၇ ပုဒ်မခွဲ(က)အရလည်း ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ တချို့သောဥပဒေများမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၇ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၂)ပါ တစ်ဆင့်ခံဥပဒေများနှင့် အမိန့်နှင့်ညွှန်ကြားချက်များကို ဦးစီးဌာနက ထုတ်ပြန်ပိုင်ခွင့် ပေးထားတာကို လည်း တွေ့ရပါတယ်။

ဥပဒေနှင့် တစ်ဆင့်ခံဥပဒေများကို တစ်ပြိုင်တည်းရေးဆွဲသင့်တာကိုလည်း ကျွန်တော် တင်ပြလိုပါတယ်။ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် စည်းကမ်းဥပဒေများသည် ဥပဒေကိုကျော်လွန်ခြင်း၊ ဆန့်ကျင်ခြင်း၊ ကွဲလွဲခြင်းမရှိစေရသဖြင့် ဥပဒေပြဋ္ဌာန်းပြီးနောက်မှ ရေးဆွဲခြင်းမပြုသင့်ဘဲ ဥပဒေရေးဆွဲသည်နှင့်တစ်ပြိုင်နက် ရေးဆွဲသင့်ပါတယ်။ ထိုသို့ဥပဒေရေးဆွဲသည်နှင့်တစ်ပြိုင်နက် အဆိုပါတစ်ဆင့်ခံဥပဒေများကို ရေးဆွဲပါက ဥပဒေကိုကျော်လွန်သည့်၊ ဆန့်ကျင်သည့်၊ ကွဲလွဲသည့်အချက်များရှိလာသည့်အခါ ထိုသို့ကျော်လွန်ခြင်း၊ ဆန့်ကျင်ခြင်း၊ ကွဲလွဲခြင်းများမရှိစေရန် ဥပဒေတွင် တစ်ပါတည်းပြင်ဆင်ဖြည့်စွက်နိုင်ပါတယ်။ နည်းဥပဒေများရေးဆွဲခဲ့သည့် အခြေအနေကိုလေ့လာတဲ့အခါ (က) နိုင်ငံတော်အလံဥပဒေဟာ တစ်ပြိုင်တည်း ဥပဒေရော၊ နည်းဥပဒေရော မရှေးမနှောင်းမှာပဲ ရေးဆွဲခဲ့တာတွေ့ပါတယ်။ ၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ်(၁)အရ။ ထိုနည်းတူစွာပဲ နိုင်ငံတော်အထိမ်းအမှတ် ၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ်(၂)အရ တစ်ပြိုင်နက်ရေးဆွဲခဲ့ပါတယ်။ ပြည်သူ့ကောင်စီဥပဒေ ထိုနည်းတူစွာပါပဲ။ ၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေ အမှတ်(၈) ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေ အမှတ်(၉) ထိုဟာတွေဟာ ဆိုလို့ရှိရင် တစ်ပြိုင်တည်း ဥပဒေနဲ့မရှေးမနှောင်းမှာ ထုတ်ခဲ့တာ တွေ့ရပါတယ်။

ဒီနေရာ နောက်ပိုင်းကျတော့ နည်းဥပဒေ၊ ဥပဒေတွေကို တစ်ပြိုင်တည်းရေးဆွဲကြခြင်းမရှိဘဲနဲ့ ဥပဒေပြဋ္ဌာန်းပြီးတော့ အတန်ကြာမှ ရေးဆွဲထုတ်ပြန်ခြင်းကြောင့် ဥပဒေများ ချက်ချင်းအကောင်အထည်ဖော်နိုင်မှုမရှိခြင်း၊ အချို့သောနည်းဥပဒေများကို ထုတ်ပြန်မှုမရှိခြင်းတို့ကြောင့် ဥပဒေရည်ရွယ်ချက်မအောင်မြင်မှုတို့ရှိသည်ကို တွေ့ရပါတယ်။ ဥပဒေထုတ်ပြန်ပြီးတဲ့နောက် ရက်ပေါင်း ၉၀ အတွင်း ထုတ်ပြန်ရန် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်တွင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသို့ တိုက်တွန်းကြောင်းကိုလည်း ၅-၉-၂၀၁၂ ရက်စွဲပါစာဖြင့် ပြည်ထောင်စုလွှတ်တော် မှ ပြဋ္ဌာန်းသည့်ဥပဒေများအရ ယင်းဥပဒေနှင့်သက်ဆိုင်သည့် နည်းဥပဒေကို ဖွဲ့စည်းပုံအခြေခံဥပဒေကဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသည် နိုင်ငံတော်သမ္မတလက်မှတ်ရေးထိုး၍ ထုတ်ပြန်ကြေညာသည့်နောက်မှ ရက်ပေါင်း ၉၀ သို့မဟုတ် လွှတ်တော်က သတ်မှတ်သည့်ရက်တွင် ထုတ်ပြန်ပြီးရန် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသို့ တိုက်တွန်းကြောင်း နိုင်ငံတော်သမ္မတထံသို့ သဝဏ်လွှာပေးပို့ခဲ့ပါတယ်။ အဆိုပါသဝဏ်လွှာကိုရည်ညွှန်းပြီးတော့ နိုင်ငံတော်သမ္မတကလည်း ၈-၉-၂၀၁၂ ရက်နေ့မှာ ရက်ပေါင်း ၉၀ အတွင်း ရေးဆွဲပြဋ္ဌာန်းရန် ပြည်ထောင်စုအဖွဲ့အစည်းများအား အကြောင်းကြားခဲ့ကြောင်း သိရပါတယ်။ သို့ရာတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော်သက်တမ်းမှ

ပြဋ္ဌာန်းသည့်ဥပဒေနှင့် နည်းဥပဒေများ ထုတ်ပြန်ရန်လိုအပ်သော်လည်း မထုတ်ပြန်နိုင်သေးသည့် ဥပဒေများရှိကြောင်း သိရပါတယ်။ သို့ဖြစ်ပါသောကြောင့် ပြဋ္ဌာန်းထားသောဥပဒေ၏ ရည်ရွယ်ချက် ထမြောက်အောင်မြင်အောင် ဥပဒေပြဋ္ဌာန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့ အတွက် ဥပဒေပြဋ္ဌာန်းပြီး မရှေးမနှောင်းတွင် နည်းဥပဒေများ ထုတ်ပြန်နိုင်ရန် သက်ဆိုင်ရာ အဖွဲ့အစည်း များသို့ တာဝန်ရှိသူများက ဥပဒေများရေးဆွဲသည်နှင့် နည်းဥပဒေများကို တစ်ပြိုင်တည်းရေးဆွဲသင့် ကြောင်း တင်ပြလိုပါတယ်။

ဥပဒေပြဋ္ဌာန်းပြီးတဲ့နောက်မှာ ထိုဥပဒေကိုအကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေနှင့် အခြားလိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်ကြေညာချက်နှင့် လုပ်ထုံးလုပ်နည်းများကို မဖြစ်မနေလို/မလို သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများမှ စိစစ်ရ မည့်လုပ်ငန်းတာဝန်၏ သီးခြားသတ်မှတ်သင့်ပါတယ်။ ထုတ်ပြန်ရန်လိုအပ်သည့် အဆိုပါတစ်ဆင့်ခံ ဥပဒေများကိုလည်း ဆောလျင်စွာရေးဆွဲပြဋ္ဌာန်းဖို့ လိုအပ်ပါတယ်။ မြန်မာနိုင်ငံမှာ ထိုသို့ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများမရှိသေးသဖြင့် အဆိုပါဥပဒေပြဋ္ဌာန်းပြီးနောက် စိစစ်ခြင်းနှင့် စောင့်ကြည့်ခြင်း ဆိုင်ရာလုပ်ထုံးလုပ်နည်းများကို သက်ဆိုင်ရာလွှတ်တော်ဥပဒေများတွင် ထည့်သွင်းပြဋ္ဌာန်းသင့်ပါ တယ်။ ထိုသို့ပြဋ္ဌာန်းပြီးပါက နည်းဥပဒေများကိုလည်း ပြန်လည်ပြီးတော့ အမြန်ဆုံးအကောင်အထည် ဖော်ဖို့လိုပါတယ်။ စောင့်ကြည့်ဖို့လည်း လိုပါတယ်။ ဒါကြောင့်မို့လို့ ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုကို ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ထောက်ခံဆွေးနွေးလိုပါတယ်။

ဗြိတိန်နိုင်ငံမှာဆိုလို့ရှိရင်လည်း တစ်ဆင့်ခံဥပဒေကို ပါလီမန်ကိုအတည်ပြုပြီးမှ အတည်ပြု ချက်ယူရပါတယ်။ အမေရိကန်နိုင်ငံမှာလည်း ထိုနည်းတူစွာပဲ Congress ကို အတည်ပြုရပါတယ်။ သြစတေးလျနိုင်ငံမှာလည်း တစ်ဆင့်ခံဥပဒေကို အထက်လွှတ်တော်ကို အတည်ပြုရပါတယ်။ အိန္ဒိယ နိုင်ငံမှာလည်း တစ်ဆင့်ခံဥပဒေကို ဒီလိုဆွေးနွေးရပါတယ်။ ဒါကြောင့်မို့လို့ ဦးတင်ထွေးရဲ့အဆိုကို လေးနက်စွာထောက်ခံကြောင်း ကျွန်တော် ဆွေးနွေးအကြံပြုလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်။

## ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ပြန်လည်ရှင်းလင်း ဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးဝင်းမြင့်(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာ ခြင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့် ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး တင်သွင်းတဲ့ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတမှ လက်မှတ်ရေးထိုး

ထုတ်ပြန်ပြီးသည့် ဥပဒေများကို နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် အကောင်အထည်ဖော်ကျင့်သုံးကြရမည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ တစ်ဆင့်ခံဥပဒေဖြစ်သည့် နည်းဥပဒေများကို အချိန်နှင့်တစ်ပြေးညီ ရေးဆွဲထုတ်ပြန်ကျင့်သုံးပေးပါရန် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသို့ တိုက်တွန်းကြောင်းအဆိုကို ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ကိုယ်စား ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးများတင်ပြတဲ့အတိုင်း ဥပဒေအားလုံးဟာ နည်းဥပဒေရေးဆွဲပြဋ္ဌာန်းရန် လိုအပ်မည်မဟုတ်ဘဲနဲ့ အချို့သောဥပဒေများအတွက်ကတော့ တစ်ဆင့်ခံဥပဒေဖြစ်တဲ့ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် ထုတ်ပြန်နိုင်မှာ ဖြစ်ပါတယ်။ အချို့သောဥပဒေများကတော့ နည်းဥပဒေထုတ်ပြန်ကျင့်သုံးပြီးတော့ ဆောင်ရွက်မှသာလျှင် ဥပဒေရဲ့ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဥပဒေတစ်ရပ်မှာ နည်းဥပဒေပြဋ္ဌာန်းရန် လိုအပ်ခြင်းရှိ/မရှိ၊ နည်းဥပဒေထုတ်ပြန်ခြင်းမပြုဘဲနဲ့ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက် ထုတ်ပြန်ဆောင်ရွက်ခြင်းဖြင့် အကောင်အထည်ဖော်နိုင်ခြင်းရှိ/မရှိကတော့ ဥပဒေတစ်ခုချင်းရဲ့သဘောသဘာဝ၊ ဥပဒေရဲ့အနေအထားအပေါ်မှာမူတည်ပြီးတော့ သက်ဆိုင်ရာဥပဒေကို စီမံခန့်ခွဲတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းက သုံးသပ်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးရဲ့အဆိုနဲ့ အဓိပ္ပာယ်သဘောတရားတူညီတဲ့အဆိုများကိုလည်း ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာ အမ်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေက အဆိုတင်သွင်းခဲ့ပါတယ်။ နောက်တစ်ခါ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ကော့မှူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည်ကလည်း အဆိုတင်သွင်းခဲ့ပါတယ်။ အဲဒီအဆိုများကိုလည်းပဲ အဲဒီကာလတုန်းက လွှတ်တော်အသီးသီးက အတည်ပြုပြီးဖြစ်ပါတယ်။ ဒါ့အပြင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဘားအံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေအွာကလည်း နည်းဥပဒေများ အမြန်ထုတ်ပြန်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းမေးမြန်းတဲ့အခါမှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဒုတိယရှေ့နေချုပ်က ဖြေကြားပြီးဖြစ်ပါတယ်။ ပြည်ထောင်စုဝန်ကြီးဌာနတွေက ထုတ်ပြန်မယ့် နည်းဥပဒေထုတ်ပြန်ဖို့အတွက် လိုအပ်တဲ့ နည်းဥပဒေတွေကို ဥပဒေပြဋ္ဌာန်းပြီးတဲ့နောက် ရက်ပေါင်း ၉၀ အတွင်း ထုတ်ပြန်နိုင်ရေး၊ အကယ်၍ အခက်အခဲရှိလျှင် အကျိုးအကြောင်းနှင့်တကွ ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြဖို့ဆိုတာကိုလည်းပဲ ပြည်ထောင်စုအစိုးရအဖွဲ့က ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၁၃)နဲ့ ထုတ်ပြန်ပြီး ဖြစ်ပါတယ်။ နောက် နည်းဥပဒေထုတ်ပြန်ဖို့လိုအပ်တဲ့ဥပဒေများအတွက်၊ နည်းဥပဒေများအတွက်ကို နည်းဥပဒေကို အချိန်မီထုတ်ပြန်ဖို့အတွက် အစိုးရကလည်း အစဉ်တစိုက်ဆောင်ရွက်ခဲ့ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ကြီးဌာနများအနေနဲ့ ထုတ်ပြန်ရန်လိုအပ်တဲ့ နည်းဥပဒေများကို အချိန်မီထုတ်ပြန်ရေးအတွက် နည်းဥပဒေရေးဆွဲရေးကော်မတီများကို ဖွဲ့စည်းခြင်း၊

မှန်ကန်ပြည့်စုံတဲ့ နည်းဥပဒေတစ်ရပ်ဖြစ်ဖို့အတွက် နည်းဥပဒေအချို့ကို ရေးဆွဲတဲ့နေရာမှာ အလုပ်ရုံဆွေးနွေးပွဲတွေ ပြုလုပ်ပြီး အချက်အလက်များ စုဆောင်းခြင်းများဖြင့် ကြိုးပမ်းဆောင်ရွက်ကြသည်ကို တွေ့ရပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေနဲ့လည်းပဲ ဝန်ကြီးဌာနအသီးသီးက ဖွဲ့စည်းခဲ့တဲ့ နည်းဥပဒေရေးဆွဲရေးကော်မတီများမှာ ပါဝင်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တင်ပြလိုတာက နည်းဥပဒေရေးဆွဲတဲ့နေရာမှာ ဥပဒေနှင့်အညီ အကောင်အထည်ဖော်ရန်လိုအပ်တဲ့ အသေးစိတ်အချက်အလက်များကို မျှော်မှန်းပြီးတော့ ကျယ်ကျယ်ပြန့်ပြန့်ရေးဆွဲရတဲ့သဘောရှိပါတယ်။ နည်းဥပဒေတွေမှာ လိုအပ်တဲ့ ပုံစံဇယားတွေ ပြည့်စုံစွာပါရှိဖို့ ဆောင်ရွက်ရပါတယ်။ နည်းဥပဒေများမှာပါဝင်တဲ့ အချက်အလက်များနှင့်စပ်လျဉ်းပြီးတော့ ဆက်စပ်တဲ့ဌာနအဖွဲ့အစည်းများ ညှိနှိုင်းဆောင်ရွက်ရပါတယ်။ တချို့ဥပဒေတွေက အပြည်ပြည်ဆိုင်ရာစာချုပ်များနှင့် ဆက်စပ်တဲ့အတွက်ကြောင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရခြင်းများလည်းရှိပါတယ်။ နိုင်ငံတကာနှင့် ဆက်စပ်တဲ့ဘာသာရပ်တွေမှာဆိုလို့ရှိရင်လည်း ပြည်ပပညာရှင်များကို ခန့်ထားပြီးတော့ ဆောင်ရွက်ရခြင်းရှိပါတယ်။ ထို့အပြင် နည်းဥပဒေဆိုတဲ့နေရာမှာ ဆက်စပ်တဲ့ဌာန အဖွဲ့အစည်းများရဲ့ သဘောထားမှတ်ချက်များကို ယူရတယ်ဆိုတဲ့ အလေ့အထလေးရှိပါတယ်။ တချို့နည်းဥပဒေတွေကျတော့ ဥပဒေ၊ နည်းဥပဒေဆွဲနေရင်းနဲ့ပဲ အခြေအနေတစ်ရပ်ကြောင့် အဲဒီမူရင်းဥပဒေကို ပြင်ဆင်ရတဲ့အခါမှာ နည်းဥပဒေတွေကို မထုတ်နိုင်သေးဘဲနဲ့ ဆိုင်းငံ့ရတဲ့အနေအထားမျိုးရှိပါတယ်။ ဒါကြောင့် ဝန်ကြီးဌာနများအနေနဲ့ နည်းဥပဒေတွေ ထုတ်ပြန်တဲ့နေရာမှာ အချိန်မီထုတ်ပြန်နိုင်ခြင်းမရှိဘဲနဲ့ အားနည်းခဲ့တာကို ကျွန်တော်တွေ့ရှိရပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေနဲ့ကတော့ ၂၀၁၅ ခုနှစ် ဧပြီလကနေပြီးတော့ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအထိ ဝန်ကြီးဌာနအသီးသီးက စိစစ်အကြံပြုရန်ပေးခဲ့တဲ့ နည်းဥပဒေ ပေါင်း ၄၂ ခု၊ လုပ်ထုံးလုပ်နည်းပေါင်း ရှစ်ခုတို့ကို အကြိမ်ပေါင်း ၁၅၈ ကြိမ် စိစစ်ပြန်ကြားခဲ့ရပါတယ်။ ဒါလည်းကျွန်တော်တို့ ဘာကြောင့်အကြိမ်များလဲဆိုတော့ တချို့နည်းဥပဒေများဟာ တစ်ကြိမ်မက တစ်ကြိမ်ထက်ပိုပြီးတော့ အကြိမ်ကြိမ်အကြံဉာဏ်တောင်းတဲ့အခါမှာ အကြိမ်ကြိမ်စိစစ်ခဲ့ရတဲ့အတွက်ကြောင့် နည်းဥပဒေအရေအတွက်နှင့် အကြံပေးတဲ့အရေအတွက် ကွာခြားခြင်းဖြစ်ပါတယ်။ အဓိကအားဖြင့်တော့ ကျွန်တော်တင်ပြလိုတာကတော့ ပြည်ထောင်စုအဆင့်ထားတဲ့ ဝန်ကြီးဌာနအသီးသီးဟာ နည်းဥပဒေများ ထုတ်ပြန်ရေးကိုတော့ အဆင်သင့်ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းတဲ့ဥပဒေများကို အကောင်အထည်ဖော်တဲ့နေရာမှာ ဝန်ကြီးဌာနအသီးသီးဟာ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ကျွန်တော်တင်ပြခဲ့တဲ့ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့မှာ ထုတ်ပြန်ခဲ့တဲ့ အမိန့်ကြော်ငြာစာ(၁၁/၂၀၁၃) နှင့်အညီ ထုတ်ပြန်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြပါတယ်။ နည်းဥပဒေထုတ်ပြန်ရန် လိုအပ်တဲ့ဥပဒေများအတွက် လိုအပ်တဲ့နည်းဥပဒေများကို လွှတ်တော်ကိုယ်စားလှယ်ကြီးများ ဆွေးနွေးတဲ့အတိုင်းပဲ ဆောလျင်စွာနှင့် ထုတ်ပြန်ပြီးတော့ အကောင်အထည်ဖော်ဖို့ဟာ အမှန်တကယ်ပဲ လိုအပ်ပါတယ်။ ဥပဒေပြဋ္ဌာန်းတဲ့အခါမှာ နည်းဥပဒေဆောင်ရွက်နေစဉ်ကာလအတွင်းမှာ ဥပဒေကို အကောင်

အထည်ဖော်နိုင်ရေးအတွက် ရပ်တန့်မနေဘဲ လိုအပ်တဲ့အမိန့်ကြော်ငြာစာတွေ၊ အမိန့်နဲ့ညွှန်ကြားပြီး တော့ ဆောင်ရွက်သင့်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဘယ်လိုပဲပြောပြော ဥပဒေတစ်ရပ်အတွက် နည်းဥပဒေ ထုတ်ပြန်ပြီး သူ့အတွက်လိုအပ်မယ်ဆိုရင် အဲဒီဥပဒေအတွက် ဥပဒေပြဋ္ဌာန်းပြီးသည်နှင့် နည်းဥပဒေနှင့် စပ်လျဉ်းပြီး ရေးသားတာ၊ ဆွေးနွေးတာ၊ စိစစ်တာ၊ ထုတ်ပြန်ခြင်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ဖို့လိုအပ်တယ်ဆိုတဲ့ ဝေါမဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးတင်ထွေးရဲ့အဆို အား သင့်မြတ်တဲ့အတွက်ကြောင့် အဆိုကို အတည်ပြုသင့်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးတင်ထွေး(ဝေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံတော်အဆင့်မှပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါလို့ ကျွန်တော်နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်ရဲ့အဆိုနဲ့ပတ်သက်ပြီးတော့ တင်ပြဆွေးနွေးသွားတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် အတည်ပြုပေးဖို့ လိုအပ်ချက်များကိုပါဖြည့်စွက်ပြီးတော့ ဆွေးနွေးသွားတဲ့ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဒုတိယရှေ့နေချုပ်ကိုလည်း များစွာကျေးဇူးတင်ပါ ကြောင်း ပြောကြားလိုပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ ကျွန်တော်တို့နိုင်ငံဟာ ဒီမိုကရေစီစနစ်နဲ့ တိုင်းပြည် ကို ပြန်လည်ပြီးတော့ တည်ဆောက်နေတဲ့အချိန် ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ကိုတည်ဆောက်မယ် ဆိုရင် လူနဲ့တည်ဆောက်လို့မရပါဘူး။ စနစ်နဲ့တည်ဆောက်ရတာဖြစ်ပါတယ်။ စနစ်နဲ့တည်ဆောက်တဲ့ နေရာမှာလည်းပဲ ဥပဒေနောက်ကို စနစ်ကမလိုက်ဘဲနဲ့ စနစ်နောက်ကို ဥပဒေကလိုက်ပြီးတော့ တည်ဆောက်ရတာဖြစ်ပါတယ်။ အဲဒီတော့ စနစ်နောက်ကို ဥပဒေလိုက်တယ်ဆိုတဲ့နေရာမှာ ကျွန်တော် တို့ပြဋ္ဌာန်းထားတဲ့ဥပဒေတွေက စနစ်နဲ့လျော်ကန်ညီတဲ့ဥပဒေတွေဖြစ်သော်လည်းပဲ တစ်ဆင့်ခံဥပဒေ ဖြစ်တဲ့နည်းဥပဒေတွေ လိုအပ်နေတဲ့အခါကျတော့ သက်ဝင်လှုပ်ရှားမှုမရှိပါဘူး။ ဒီလိုသက်ဝင်လှုပ်ရှား မှုမရှိတဲ့အတွက် ပြည်သူတွေဟာ စနစ်ရဲ့အကျိုးတရားကိုမခံစားရဘဲနဲ့ တိုင်းပြည်ရဲ့ကောင်းသော ရွေ့ခြင်းကလည်း နှေးကွေးနေတာဖြစ်တဲ့အတွက် ကျွန်တော် ဒီအဆိုကိုတင်ရခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်ရဲ့အဆိုကို လွှတ်တော်ကြီးက အတည်ပြုပေးပါရန် လေးစားစွာဖြင့် တင်ပြ အပ်ပါတယ်။ အားလုံးကိုလေးစားပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်ရှစ်ဦးက ဆွေးနွေးပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံး က အဆိုအား အတည်ပြုသင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း အတည်ပြုပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါကြောင့် ဒီအဆိုနဲ့စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်ကတင်သွင်းတဲ့အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ⊞ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၂၀၁၈ ခုနှစ်၊ မေလ ၂၃ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၁၁း၅၀ နာရီအချိန် တွင် ရပ်နားပါသည်။]

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ (၂၁.၅.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Thaung Aye | U Aung Myint




U Yan Kyin Kan | Maj-Gen Than Htut




U Aung Kyaw Oo | Maj-Gen Than Htut




U Wan Hla | Maj-Gen Than Htut




U Zone Taint | Maj-Gen Than Htut




U Sai Kyaw Moe | Maj-Gen Than Htut

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်